Voice of Burma

Published by Voice of Burma Information Group Issue No. 733 OCTOBER 25, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# ညီလာခံခေါ်ပေးဖို့မဖြစ်နိုင်သေးကြောင်း အဖွဲ့ချုပ်ပါတီခေါင်းဆောင်တွေဆုံးဖြတ်

**VOA | အောက်တိုဘာ ၂၂။** ။ မြန်မာနိုင်ငံမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေက ပြည်လုံးကျွတ်ညီလာခံခေါ်ယူပေးဖို့ မကြာသေးခင်ကဘဲ ပါတီခေါင်းဆောင်တွေကို တောင်းဆိုခဲ့ပါတယ်။

ဒီတောင်းဆိုမှုနဲ့ပတ်သက်ပြီး လက်ရှိကာလမှာ မဖြစ်နိုင်သေးတဲ့အကြောင်း ပါတီခေါင်းဆောင်တွေက ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါ့အပြင် ဗဟိုအလုပ်အမှုဆောင် ထပ်ပြီးရွေးချယ်ရေးကိစ္စကိုတော့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့တိုင်ပင်ခွင့်ရတဲ့အခါ ရွေးကောက်ပွဲမှတ်ပုံတင်ဥပဒေထွက်တဲ့အခါ စဉ်းစားမယ်ဆိုပြီး အဖွဲ့ချုပ်ဝင်တွေရဲ့တောင်းဆိုချက်တွေကို တုန့်ပြန်တဲ့အထူးကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါတယ်။

ပြီးခဲ့တဲ့လကုန်ပိုင်းကစပြီး အောက်ခြေမြို့နယ်နဲ့ ခရိုင်တွေကြားမှာ အရေးကြီးတဲ့ကာလဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်တွေချမှတ်နိုင်ဖို့ အဖွဲ့ချုပ်တွင်းမှာ ညီလာခံတရပ်ခေါ်ယူပေးရေး တောင်းဆိုမှုတွေကို ဒီနေ့မှာ CEC က အထူးကြေညာချက်ထုတ်ပြီး သူတို့ရဲ့သဘောထားကို ထုတ်ပြန်လိုက်ပါတယ်။ အဖွဲ့ချုပ်ရဲ့အထူးကြေညာချက်နဲ့ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကအခုလိုပြောပြပါတယ်။

"အောက်ခြေက တောင်းနေတာ နိုင်ငံလုံးကျွတ်ညီလာခံကျင်းပဖို့၊ နိုင်ငံလုံးကျွတ်ညီလာခံမှာ ပြန်လည်ဖွဲ့စည်းရေးဆောင်ရွက်ဖို့၊ ဒီမှာ ဖြေထားတာကတော့ နိုင်ငံလုံးကျွတ်ညီလာခံကို အခြေအနေအရပ်ရပ်ကြောင့် ကျင်းပဖို့မဖြစ်နိုင်ဘူး၊ ဒီမှာဖော်ပြထားတယ်လေ၊ ဒီလိုဟာမျိုးလုပ်ဖို့ကို ၈၉ ခု စတင်ဖွဲ့စည်းကတည်းက အခုအချိန်အထိ အမြဲတမ်းလိုလားတယ်။

ဒါပေမယ့် အခြေအနေအရပ်ရပ်ကြောင့် လုပ်ခွင့်မရခဲ့ဘူးလို့ပြောတာ။ အဲဒီတော့ အခုအချိန်မှာမှ မဟုတ်ဘူး အရင်အချိန်ကတည်းက ဒါတွေ လိုနေတယ်ဆိုတာ အဖွဲ့ချုပ် CEC ကသိပါတယ်။ အဖွဲ့ချုပ်ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်နိုင်မှာမဟုတ်ဘူး။ ဒါက အဖြေတခု။

နောက်အဖြေတခုက အဲဒီပြန်လည်ဖွဲ့စည်းရေးကိစ္စကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နဲ့ စုံညီတွေ့ရတဲ့အခါ ညှိနှိုင်းဆောင်ရွက်သွားမယ်။ တကယ်လို့ အဲဒီလိုမဟုတ်ရင်လည်း မှတ်ပုံတင်ဥပဒေထွက်လာတဲ့အခါ လိုအပ်သလိုညှိနှိုင်းဆောင်ရွက်သွားမယ်။ အဲဒီလို ဖြေထားပါတယ်။"

တကယ်တော့ အောက်ခြေမြို့နယ်ထုတွေ တောင်းဆိုနေတာက အောက်ခြေကနေ အဆင့်ဆင့် ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေပါတဲ့ ညီလာခံမဟုတ်ဘဲ အဖွဲ့ချုပ်ဝင်တွေအချင်းချင်းကြား တွေ့ဆုံစကားပြောဆိုနိုင်တဲ့ ကွန်ဖရင့်တခုသာဖြစ်တယ်လို့ဆိုပါတယ်။ ပဲခူးတိုင်း၊ သာယာဝတီဥက္ကဋ္ဌ ဦးအောင်မြင့်က အခုလိုပြောပါတယ်။

"ကျနော်တို့တင်ပြတာနဲ့ ဗဟိုကအယူအဆ နည်းနည်းလွဲနေတယ်လို့ ကျနော်တို့ဆွေးနွေး ဖြစ်တယ်။ အဖွဲ့ချုပ်ဗဟိုက ညီလာခံတခုကျင်းပဖို့ ဆိုတာ ရပ်ကျေးကနေစပြီး ကိုယ်စားလှယ်တွေရွေးချယ်၊ ပြီးတော့ မြို့နယ်လုံးကျွတ် ကိုယ်စားလှယ်တွေရွေးချယ်၊ ပြီးတော့မှ ပါတီညီလာခံကြီးတရပ်ကျင်းပ ဆိုတဲ့ ပုံစံမျိုး သူတို့ကအဲဒီလိုနားလည်တယ်။

ကျနော်တို့ သာယာဝတီခရိုင်မှာရှိတဲ့ မြို့နယ်တွေလက်ခံတာက အဲဒီလို မဟုတ်ဘူးဗျ။ ဥပမာ သာယာဝတီမြို့နယ်ဆိုရင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှစ်ယောက် သုံးယောက်၊ တမြို့နယ်ကို နှစ်ယောက် သုံးယောက်စီနဲ့ တနိုင်ငံလုံးမှာရှိတဲ့ NLD စည်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံစေချင်တာပေါ့။ ဗဟိုကလူကြီးတွေနဲ့ ကျနော်တို့ရည်ရွယ်တာက အဲဒါဗျ။"

NLD-CEC ရဲ့ဆုံးဖြတ်ချက်သဘောထားမှာတော့ ညီလာခံခေါ်ယူရေးကို သူတို့အနေနဲ့ ၁၉၈၉ ခုလောက်ကတည်းက ကြိုးစားခဲ့တာဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ ဖြစ်နိုင်ချေမရှိတာကြောင့် ဒီအတွက် အဖွဲ့ချုပ်ဝင်တွေ နားလည်မှုရှိဖို့လိုတယ်လို့ ပြောနေပါတယ်။ ဒီကာလဟာ နက်နဲသိမ်မွေ့ပြီး အရေးကြီးတဲ့ကာလဆိုတာကိုတော့ အထူးကြေညာချက်မှာ ဖော်ပြထားပါတယ်။

အဖွဲ့ချုပ်ရဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများ အောင်မြင်စေရေး ချမှတ်ထားတဲ့ မူဝါဒများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး တာဝန်ရှိစွာနဲ့ဆက်လက် လုပ်ကိုင်ဖို့ကိုတော့ ရေးသားထားပါတယ်။ အောက်ခြေကတောင်းဆိုနေတဲ့ ကွန်ဖရင့်ဆိုတဲ့အဓိပ္ပါယ်အရ တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ ရှိပါသလားလို့ မေးတဲ့အခါမှာတော့ CEC ရဲ့အထူးထုတ်ပြန်ချက်မှာ အဲဒီအချက်မပါဝင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း

**စာမျက်နှာ ၄ သို့**

**အမေရိကန်သံအရာရှိများနဲ့ အဲန်အဲယ်လ်ဒီခေါင်းဆောင်တချို့ တွေ့ဆုံ** — စာမျက်နှာ ၃

**အမတ်ဂျင်မ်ဝက်ဘ်နဲ့မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်တွေဝါရှင်တန်မှာတွေ့ဆုံ** — စာမျက်နှာ ၄

**ရွေးကောက်ပွဲကျင်းပမယ်ပြောနေပေမယ့်လူ့အခွင့်အရေးတွေချိုးဖောက်နေဆဲ** — စာမျက်နှာ ၈

**အင်အားရှိအပစ်ရပ်အဖွဲ့ အားတိုက်ခြင်းထက် ဖွဲ့ထုတ်စည်းရုံးနည်းကို နအဖကျင့်သုံး** — စာမျက်နှာ ၁၃

**ကိုမင်းကိုနိုင် ၄၇ နှစ်မြောက်မွေးနေ့ မှာ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ဖြန့်ချိ** — စာမျက်နှာ ၁၆

VOB အာဘော်

# ခေါင်းဆောင်နှင့်နောက်လိုက်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အောက်ခြေပါတီဝင်များ၏ ပါတီညီလာခံကျင်းပရန်တောင်းဆိုချက်ကို အခြေအနေအရပ်ရပ်ကြောင့် မဖြစ်နိုင်သေးကြောင်းကို ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ညီလာခံကိုယ်စားလှယ်များကို ရွေးချယ်နိုင်သည့်အခြေအနေမရှိ၊ ဌာနချုပ်ရုံးမှလွဲ၍ အခြားအဆင့်ဆင့်သောရုံးများဖွင့်လှစ်လုပ်ကိုင်သောအခြေအနေမရှိ၊ စည်းရုံးရေးလုပ်ငန်းများထိရောက်စွာမဆောင်ရွက်နိုင်၊ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် တို့လွတ်လပ်မှုမရှိသေးဟူသောအကြောင်းရင်းများကြောင့် ညီလာခံကျင်းပရန်မဖြစ်နိုင်ဆိုသည့်အချက်များကို ရှင်းလင်းထားသည်။ လက်တွေ့အခြေအနေနှင့် ကိုက်ညီထင်ဟပ်သော အကြောင်းပြချက်များဖြစ်သည်။

ထိုမျှမကသေး လက်ရှိအခြေအနေတွင် ပါတီအနေဖြင့် ဗဟိုအလုပ်အမှုဆောင်တိုးချဲ့ရေး၊ ဗဟိုဦးစီးအဖွဲ့ပြန်လည်ဖွဲ့စည်းရေးတို့ကိုလုပ်ဆောင်ရမည်ဆိုသည်ကိုလည်း သိရှိကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆိုထားသည်။ တဆက်တည်းမှာပင် မည်သို့သောအခြေအနေအချိန်အခါကျမှ လုပ်ဆောင်နိုင်မည်ဆိုသည်ကိုပါ တပါတည်းအသိပေးထားသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီးမှ သို့မဟုတ် နအဖ က နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေထုတ်ပြန်ပြီးမှ ညီလာခံကိစ္စကို လိုသလိုညှိနှိုင်းဆုံးဖြတ်မည်ဟု ဆိုသည်။

အဖွဲ့အစည်းတရပ်တွင် ခေါင်းဆောင်နှင့်နောက်လိုက်ငယ်သားအဖွဲ့ဝင်များအကြား ထိတွေ့ဆက်ဆံမှု၊ လက်တွဲလုပ်ဆောင်နိုင်မှုသည် လွန်စွာအရေးကြီးလှပြီး ထိုသို့လုပ်ဆောင်နိုင်မှုပမာဏအတိုင်းအတာ မည်မျှအားကောင်းသည် မည်မျှကြီးမားကျယ်ပြန့်သည်ဆိုသည့်အပေါ်မူတည်၍ အဖွဲ့အစည်းတရပ်၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းဆောင်တာများ အောင်မြင်ထိရောက်မှုကို တိုင်းတာနိုင်ပေသည်။

နအဖ စစ်အာဏာရှင်များသည် ၎င်းတို့နှင့်အတိုက်အခံဖြစ်နေသူများ၊ အဖွဲ့အစည်းများ၏ စည်းလုံးမှုအင်အား စည်းလုံးညီညွတ်မှုများတောင့်တင်းခိုင်မာမည်ကို လွန်စွာစိုးရိမ်ကြောက်ရွံ့သည်။ စည်းလုံးမှုညီညွတ်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် မဆလ ပါတီချုပ်ငြိမ်းသွားပြီး နိုင်ငံရေးအခြေအနေအပြောင်းအလဲဖြစ်လာခဲ့သည်ကို ကောင်းကောင်းသင်ခန်းစာယူထားသည်။ ထို့ကြောင့် အတိုက်အခံအင်အားစုများအကြား ညီညွတ်မှုနှင့်စည်းလုံးမှုကို ထိရောက်အားကောင်းလာခြင်းမရှိစေရန် အခြေအနေအမျိုးမျိုး အယူအဆအမျိုးမျိုးဖြစ်နေရန် သိသိသာသာတမျိုး မသိမသာနည်းဖြင့်တဖုံ စသည့်နည်းမျိုးစုံဖြင့်လုပ်ဆောင်နေခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းလိုက်လျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏လှုပ်ရှားမှုများ သိသိသာသာကျဆင်းရပ်တန့်သွားသည်ကို နှစ်ပေါင်း ၂၀ ကြာ အတွေ့အကြုံက သူမကို မည်သို့သောနည်းလမ်းများဖြင့် ဆက်လက်ထိန်းသိမ်းထားရမည်နည်းဆိုသည်ကို နအဖ အနေဖြင့် အမြဲစဉ်းစားတွေးတော ကြံဆမှုများကိုလုပ်နေသည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးအခြေအနေကို မိမိတို့က ဦးဆောင်ဖန်တီးနိုင်သည့်အခြေအနေ အမြဲရှိနေစေရေးကို မျက်ခြည်မပြတ်လုပ်ဆောင်နေခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အောက်တိုဘာ ၂၂ ရက် နေ့စွဲဖြင့်ထုတ်ပြန်လိုက်သော အထူးကြေညာချက်ပါ နအဖ က နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေထုတ်ပြန်ပြီးမှ ညီလာခံကိစ္စကို လိုအပ်သလိုညှိနှိုင်းဆုံးဖြတ်မည်ဟု ဆိုသည့်အချက်သည် မဝေးလှသောအနာဂတ် ကာလနိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ နအဖ က ဖန်တီးပြီးနောက် ပေါ်ပေါက်လာသည့်အခြေအနေအောက်တွင် အဲန်အဲလ်ဒီသည် ဆက်လက်လုပ်ကိုင်လှုပ်ရှားမည်ဆိုသည်ကိုဖော်ပြနေသည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် လူထုက တခဲနက်ထောက်ခံမှုကိုရထားသော အဲန်အဲလ်ဒီသည် လူထုနှင့်နိုင်ငံကို ဦးဆောင်ပိုင်ခွင့်ရှိသည်။ ဤအချက်သည် တရားဝင်ပြီးခိုင်မာသည်။ လူထု၏ခေါင်းဆောင်ဖြစ်သည်၊ မည်သူမျှအငြင်းမပွားနိုင်ပေ၊ ဤသည်ကို ချေဖျက်နိုင်ရေးအတွက် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပရန် နအဖ က လုပ်ကိုင်ဆောင်ရွက်နေသည်ဆိုသည့်အချက်ကို မမေ့မလျော့ကြရန် သတိပေးရေးသားလိုက်ရပေသည်။

---

# အမေရိကန်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာနိုင်ငံသွားမည်

**NEJ၊ အောက်တိုဘာ ၂၂။** အမေရိကန်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရန်ရှိကြောင်း အမေရိကန်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ကပြောကြားလိုက်ပါတယ်။

ယမန်နေ့ကအမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီကပြုလုပ်တဲ့ မြန်မာ့အရေးကြားနာပွဲမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

“လာမယ့်သတင်းပတ်အနည်းငယ်အတွင်းမှာ အချက်အလက်စုဆောင်းရှာဖွေမယ့် အဖွဲ့တဖွဲ့အနေနဲ့ ကျနော်တို့မြန်မာနိုင်ငံကို သွားဖို့ရည်ရွယ်ထားပါတယ်။” လို့ Kurt Campbell ကပြောပါတယ်။

အခုလို မြန်မာနိုင်ငံသွားရောက်မယ့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် စစ်အစိုးရခေါင်းဆောင်များအပါအဝင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တို့ကိုပါ တွေ့ဆုံနိုင်ရန် မျှော်လင့်ထားတယ်လို့လည်း သူက ပြောကြားခဲ့ပါတယ်။

အမေရိကန်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ဘယ်သူပါဝင်မယ်ဆိုတာကို Mr.Campbell က အတိအကျ ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း Mr. Campbell ကိုယ်တိုင်က မြန်မာနိုင်ငံသို့သွားရောက်မယ်လို့ မျှော်လင့်ရကြောင်း သို့သော် စစ်အစိုးရက အတိုက်အခံနဲ့တွေ့ခွင့်ပေး မပေး ဆိုတဲ့အပေါ်မူတည်ကြောင်း အမည်မဖော်လိုတဲ့ အမေရိကန်အဆင့်မြင့်အရာရှိတဦးက ပြောကြောင်း AFP သတင်းမှာဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်တွေ့ဆုံမှုများသည် အရေးယူပိတ်ဆို့တားမြစ်မှုကို အစားထိုးလိုက်ခြင်းထက် နောက်ထပ်ဖြည့်စွက်လိုက်ခြင်းသာ ဖြစ်တယ်လို့လည်း အောက်လွှတ်တော်ကြားနာပွဲတွင် Mr. Campbell က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရပါတယ်။

မြန်မာစစ်အစိုးရနဲ့ဆက်ဆံမှုလုပ်ရာမှာ တဖြည်းဖြည်းချင်း အချိန်ယူသတိထားပြီး တဆင့်ပြီးတဆင့် လုပ်ဆောင်သွားရမယ်ဆိုတာကို သိနားလည်ထားကြောင်းလည်း Mr. Campbell ကပြောကြားခဲ့ပါတယ်။ “ကျနော်တို့ကြိုးပမ်းအားထုတ်နေတဲ့ အဓိပ္ပါယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှု အောင်မြင်တယ်ဆိုတာကို ဆက်ဆံမှုတွေ၊ ရလဒ်တွေကိုဘဲကြည့်ပြီး အကဲဖြတ်မှာမဟုတ်ပါဘူး၊ ဆက်ဆံမှုတွေဟာ မြန်မာနိုင်ငံအတွက်သာဖြစ်ပြီး အမေရိကန်အစိုးရပေါ်လစီအတွက် မဟုတ်ပါဘူး။” လို့လည်း Mr. Campbell ကပြောကြားခဲ့ကြောင်း သိရပါတယ်။

တိုက်ရိုက်ဆက်ဆံမှုလုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်မှာ မိမိတို့ဖာသာ အထီးကျန်နေတဲ့လူတစုလို့ အများကပြောဆိုနေကြတဲ့ စစ်အစိုးရအနေနဲ့ ပိုမိုနားလည်မှုရရှိစေရေးအတွက် ဖြစ်တယ်လို့လည်း Mr. Campbell ကပြောကြားခဲ့ပါတယ်။

# အမေရိကန်သံအရာရှိများနဲ့ အဲန်အဲယ်လ်ဒီခေါင်းဆောင်တချို့တွေ့ဆုံ

**NEJ၊ အောက်တိုဘာ ၂၁ ။ ။** ရန်ကုန်အမေရိကန်သံရုံးမှ သံရုံးတာဝန်ခံ အပါအဝင် အမေရိကန်အရာရှိ ၃ ဦးသည် ယမန်နေ့က NLD ရုံးချုပ်သို့သွားရောက်ကာ NLD မှခေါင်းဆောင်အချို့နှင့် တွေ့ဆုံခဲ့ပါတယ်။

အခုလို အမေရိကန်သံအရာရှိများ လာရောက်တွေ့ဆုံရခြင်းမှာ မြန်မာနိုင်ငံသို့ အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell လာရောက်ရန်ရှိတဲ့အတွက် NLD ရဲ့သဘောထားကို ကြိုတင်သိရှိနိုင်ရန် တွေ့ဆုံမေးမြန်းခြင်းဖြစ်ကြောင်း NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်သူ ဦးခင်မောင်ဆွေကပြောပါတယ်။

ဦးခင်မောင်ဆွေက "မြန်မာနိုင်ငံကို အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell လာမယ်လို့သိရတယ်။ အဲဒီအပေါ်မူတည်ပြီးတော့ ကြိုတင်အချက်အလက်လာယူတဲ့အနေအထားလို့ ယူဆပါတယ်။ သူတို့ကတော့ ကျနော်တို့အပါအဝင် အခြားအဖွဲ့အစည်းတွေအားလုံးကို တွေ့သွားပြီး မြန်မာ့နိုင်ငံရေးအနေအထားကို စုံစမ်းလေ့လာဖို့ဖြစ်တယ်လို့ ဆိုပါတယ်။" လို့ ပြောပါတယ်။

NLD ရုံးချုပ်သို့ လာရောက်ကြသူများမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတာဝန်ခံ မစ္စတာလယ်ရီဒင်ဂါနှင့် သံရုံးမှအရာရှိတဦး၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူ့အခွင့်အရေးဆိုင်ရာ အရာရှိတဦးတို့ဖြစ်ကြပြီး ယမန်နေ့မွန်းလွဲပိုင်း ၂ နာရီခွဲမှ ၃ နာရီခွဲကျော်ခန့်အထိ NLD မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်းသိရပါတယ်။

အခုလိုတွေ့ဆုံရာတွင် NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်သည့် ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ အစရှိသူများပါဝင်ကြပြီး အဓိကအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲနှင့် အရေးယူပိတ်ဆို့မှု Sanction ကိစ္စနှင့်ပတ်သက်၍ သဘောထားများကိုမေးမြန်းခဲ့တယ်လို့ သိရပါတယ်။

"ရွေးကောက်ပွဲကိစ္စကတော့ ကျနော်တို့က အပြတ်ပြောလို့မရပါဘူး။ ရွှေဂုံတိုင်ကြေညာစာတမ်းမှာပါတဲ့အတိုင်းဘဲ ရပ်တည်ထားတယ်လို့ သူတို့ကိုရှင်းပြလိုက်ပါတယ်။ သူတို့လည်းဒါကိုသဘောပေါက်ပါတယ်။ ဒီကိစ္စတွေဟာ ကျနော်တို့ CEC နဲ့တင်ဆုံးဖြတ်လို့မပြီးသေးပါဘူးလို့ ပြောလိုက်ပါတယ်။" လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

Sanction ကိစ္စနဲ့ပတ်သက်လို့လည်း မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်နိုင်ငံခြားရေးဌာနမှ ထုတ်ပြန်တဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒသစ်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားအတိုင်းကြိုဆိုပါကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံအစိုးရအပါအဝင် တိုင်းရင်းသားများ၊ အဖွဲ့အစည်းများအားလုံးနှင့်တွေ့ရန်၊ ထို့အပြင် တိုက်ရိုက်တွေ့ဆုံမှုတခုတည်းမဟုတ်ဘဲ ဖြစ်နိုင်ချေအားလုံးကို လုပ်ကိုင်နိုင်ရန် ကြားထဲကဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်း ဦးခင်မောင်ဆွေက ဆက်လက်ပြောကြားပါတယ်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာစစ်အစိုးရအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှု sanction ကို ဆက်လက်ထားရှိမယ်ဖြစ်သော်လည်း မြန်မာစစ်အစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှု direct engagement လုပ်ဆောင်သွားမယ်လို့ ပြီးခဲ့တဲ့စက်တင်ဘာ ၂၃ ရက်တွင် နယူးယော့ခ်မြို့ ကုလသမဂ္ဂရုံးချုပ်မှာ အတွင်းရေးမှူးချုပ် Ban Ki-moon ဦးဆောင်ပြုလုပ်တဲ့ မြန်မာ့အရေးမိတ်ဆွေနိုင်ငံများ အစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်ကပြောကြားခဲ့ပါတယ်။ NLD ရုံးချုပ်သို့ အမေရိကန်သံအရာရှိများ လာရောက်တွေ့ဆုံမှုနှင့် ပတ်သက်၍ ဦးခင်မောင်ဆွေက

"သူတို့ဘက်ကတော့ မြန်မာနိုင်ငံကို ကမ္ဘာ့မိသားစုထဲကို အစဉ်ပြေပြေနဲ့ရောက်ရှိသွားအောင် တချက်ပေ့ါ။ နောက်ပြီးတော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်ပြီးတော့ ဖြစ်ပေါ်လာအောင် တကြောင်းပေ့ါလေ။ နောက်တခုက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမြန်မာ့မိတ်ဆွေများက ပြောထားတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ကိစ္စတွေကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အကျဉ်းသားအားလုံးလွတ်မြောက်ပြီးတော့ နိုင်ငံရေးဖြစ်စဉ်ထဲမှာ တပါတည်းပါဝင်နိုင်ဘို့အတွက် အာရုံစိုက်လုပ်ဆောင်ပေးဖို့ အကောင်းတွေဖြစ်လာအောင် ကြိုးပမ်းချင်တဲ့အတွက်ကြောင့် ထိတွေ့ဆက်ဆံပြီးတော့ အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို တွေ့ဆုံလာတာဖြစ်ပါတယ်။" လို့ ပြောပါတယ်။

တွေ့ဆုံမှုများဖြစ်ပေါ်လာခြင်းသည် plan တခုကို အတိအကျချပြီးသွားနေတဲ့ အနေအထားမျိုးမဟုတ်သော်လည်း informal process ဖြစ်လာတဲ့အတွက် နိုင်ငံတကာနဲ့ပိုမိုထိတွေ့မှု ရှိလာနိုင်တယ်လို့ ဦးခင်မောင်ဆွေက သုံးသပ်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအသစ်ကိုကြိုဆိုသော်လည်း အစိုးရနဲ့အတိုက်အခံ နှစ်ဖက်စလုံးကို တိုက်ရိုက်ဆွေးနွေးသင့်ကြောင်း ပြီးခဲ့တဲ့လက ပြောကြားခဲ့ပါတယ်။

---

# နိုင်ငံရေးအကျဉ်းသား ဆရာဝန်ပြခွင့်မရ

**DVB၊ အောက်တိုဘာ ၂၀ ။ ။** ရောဝတီတိုင်း ဖျာပုံထောင်က ကိုရွှေမောင်း ကျန်းမာရေးအခြေအနေ အနည်းငယ် ပြန်ကောင်းလာပေမယ့် ဆရာဝန်နဲ့ပြခွင့်မရဘူးလို့ မနေ့က ထောင်ဝင်စာသွားတွေ့ပြီး ပြန်လာတဲ့ ဇနီး မသန်းသန်းဝင်းက ပြောပါတယ်။

၁၉ ရက်နေ့က ထောင်ပိုင်ကြီးရုံးခန်းထဲမှာပဲ ကိုရွှေမောင်းကို တွေ့ခွင့်ရခဲ့ပြီး အရင်လကထက် ကျန်းမာရေးအနည်းငယ် ကောင်းမွန်လာပေမယ့် ထောင်မှာ သီးသန့်ဆရာဝန်မရှိလို့ ဆရာဝန်နဲ့ပြခွင့်မရသေးပေမယ့် သွေးပေါင်ချိန်ပေးတာလောက်တော့ရှိတယ်လို့ ကိုရွှေမောင်းရဲ့ဇနီး မသန်းသန်းဝင်းကပြောပါတယ်။

"ထောင်ပိုင်ကြီးက အရင်တပတ်က သူ သတိမမူမိလိုက်တဲ့ ကိစ္စအပေါ်မှာ မေတ္တာရပ်ခံပါတယ်တဲ့။ နောက်ကိုလည်း အဆင်ပြေအောင် လုပ်ပေးမယ်လို့ ပြောတယ်။ ကိုရွှေမောင်းက တအားလည်း ပိန်နေသေးတယ်။ ထိရောက်အောင် ကုပေးနိုင်တဲ့ အနေအထားမှာ မရှိဘူး။ အရင်တပတ်ကလို အသားတွေ တုန်နေတဲ့ အနေအထားမျိုးမရှိတော့ဘူး။"

ပြီးခဲ့တဲ့လ ထောင်ဝင်စာတွေ့တုန်းက ကိုရွှေမောင်း ကျန်းမာရေးဟာ အတော်ဆိုးဝါးနေတဲ့အပြင် သူ့ရဲ့အချုပ်ခန်းထဲမှာ သံမှိုတချောင်းတွေ့ရှိမှုနဲ့ ထောင်ဖောက်ပြေးဖို့ ကြံရွယ်တယ်ဆိုပြီး ထောင်အာဏာပိုင်တွေက ရုံးတင်စစ် ဆေးခဲ့ပါတယ်။ အဲဒီတုန်းက ကိုရွှေမောင်း ကျန်းမာရေးအရမ်းဆိုးနေတဲ့ အတွက် ဆေးကုသခွင့်ပေးဖို့ အကျဉ်းဦးစီးဌာနနဲ့ ပြည်ထဲရေးဌာနကို စာတင်ခဲ့တယ်လို့ မသန်းသန်းဝင်းက ပြောပါတယ်။

"အမျိုးသားကို ရောဂါ ပျောက်စေချင်တာပေ့ါ။ သူ့ယုံကြည်ချက်ကြောင့် ထောင်ကျခံနေရပြီလေ။ ကျန်းမာရေးအတွက်တော့ ကုသခွင့် ပေးသင့်တာပေ့ါ။ သွားတွေ့တဲ့အခါ စိတ်ဆင်းရဲစရာတွေ တွေ့နေတော့ ခံစားရတာတွေများနေပြီ။ ကလေးတွေကလည်း တဘက်ဆိုတော့ စိတ်ဆင်းရဲတဲ့ ဒဏ်တွေ မခံချင်တော့ဘူး။ ကိုယ်တယောက်တည်းအတွက် မဟုတ်ပါဘူး။ အားလုံးကိုလည်း လွတ်စေချင် ပါပြီ။"

ငွေရေးကြေးရေး အနေအထားနဲ့ပတ်သက်ပြီး အဆင်ပြေအောင်လုပ်နေရပြီး အရင်ဆို ၂ လခြားတခါ သွားပေမယ့် အခုတော့ ကိုရွှေမောင်း ကျန်းမာရေးကို စိတ်မချတဲ့အတွက် ဘယ်လိုပဲ ဖြစ်နေ ဖြစ်နေ တလတခေါက်သွားဖို့ဆုံးဖြတ်ထားတယ်လို့လည်း မသန်းသန်းဝင်းက ပြောပါတယ်။ ကိုရွှေမောင်းကို ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းနဲ့ဆက်စပ်ပြီး အာဏာပိုင်တွေက ဖမ်းဆီးခဲ့ကာ ထောင် ၈ နှစ် ကျခံရပြီး မန္တလေးထောင်ကတဆင့် ဖျာပုံထောင်မှာ အကျဉ်းကျနေတာဖြစ်ပါတယ်။

# အမေရိကန်ဆီးနိတ်အမတ်ဂျင်မ်ဝက်ဘ်နဲ့ အတိုက်အခံခေါင်းဆောင်တွေဝါရှင်တန်မှာတွေ့ဆုံ

**VOA l အောက်တိုဘာ ၂၀ ။** ။ မကြာသေးခင်က မြန်မာနိုင်ငံကိုသွားရောက်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နဲ့ တွေ့ခဲ့တဲ့ အမေရိကန်အထက်လွှတ်တော်အမတ် အာရှနဲ့ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ဒီမိုကရက်အမတ် Jim Webb ကို မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ အတိုက်အခံခေါင်းဆောင်တွေ မနေ့က ဝါရှင်တန်ဒီစီမှာတွေ့ဆုံခဲ့ပါတယ်။

အခုလို Mr.Jim Webb နဲ့တွေ့ဆုံခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB အထွေထွေအတွင်းရေးမှူးဦးမောင်မောင်နဲ့ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ဝန်ကြီးတဦးဖြစ်သူ ဦးဘိုလှတင့်တို့ကိုဆက်သွယ်မေးမြန်းကြည့်တဲ့အခါ မြန်မာနိုင်ငံမှာအပြောင်းအလဲတွေဖြစ်ပေါ်ရေးအတွက် အရေးပါဆုံးကိစ္စဟာ ဘယ်ကိစ္စလို့ Mr.Jim Webb ယုံကြည်ပါသလဲလို့ ဦးမောင်မောင်ကိုမေးမြန်းတဲ့အခါ အခုလိုစပြောပါတယ်။

"ကျနော်တို့လိုချင်တဲ့ ဗမာပြည်ပြောင်းလဲရေးဆိုတာကို သူလည်းလိုလားတယ်။ သူတို့နိုင်ငံအစိုးရကလည်း လိုလားတယ်။ နောက်တခါ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ဆိုတာ သူတို့အနေနဲ့ ဒါက အားလုံးဝိုင်းလုပ်ရမယ့်ကိစ္စဆိုတာ သူလက်ခံတယ်ဆိုတာပြောတယ်။ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ သူ့အနေနဲ့ဒါကိုပြောင်းလဲဖို့ သူမပြောပါဘူးဆိုတဲ့အကြောင်း ရှင်းလင်းပြောပြတယ်။"

ဒါဆိုရင် သူက ၂၀၁၀ ရွေးကောက်ပွဲကို ဆက်လက်ဆွဲကိုင်ထားတဲ့ပေါ်လစီကနေ ပြောင်းလဲချင်တဲ့သဘောမျိုး ပြသလားခင်ဗျ။

"ကျနော်တို့ဒီနေ့ပြောတာကတော့ အခြေခံဥပဒေနဲ့ပတ်သက်လို့ လက်မခံတဲ့အချက်တွေရှိတယ်။ ဥပမာ တိုင်းရင်းသားဒေသတွေ ကိုယ်ပိုင်အုပ်ချုပ်မှု Self Administration Zone ဆိုတာကို နအဖ အနေနဲ့ အမျိုးသားညီလာခံမှာတုန်းက သဘောတူထားတယ်။ အခု နိုင်ငံရေးအရ ပြောဆိုလို့အစဉ်မပြေတဲ့အချိန်မှာ ဝင်တိုက်တဲ့ကိစ္စမျိုးက လုံးဝအာမခံချက်မရှိဘူး။ ဗမာပြည်အရေးကိုစဉ်းစားရင် ဒါတွေဟာစဉ်းစားဖို့လိုတယ်ဆိုတဲ့အကြောင်း ဆိုတာရယ်၊ နောက်တခါ ၂၀၁၀ ရွေးကောက်ပွဲရလာဒ်ကို အတည်ပြုမယ်ဆိုရင် နျူကလီးယားဖော်ထုတ်မယ့် နိုင်ငံတခုရဲ့အစိုးရကိုသွားပြီး အတည်ပြုတာဖြစ်မှာမို့ ဒါက သတိချပ်သင့်တယ်လို့တင်ပြတော့ ဘာမှတုန့်ပြန်မှုမရှိပါဘူး။"

ပိတ်ဆို့အရေးယူမှု ဒဏ်ခတ်မှုတွေ ရုတ်သိမ်းမှုဖြစ်မယ်ဆိုတာ သူကဘဲစပြီး အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းမှာ ဆော်ဩသူအဖြစ် အများကသိရှိနေကြတာပါ။ အခုပိတ်ဆို့အရေးယူဒဏ်ခတ်မှုတွေဟာ မထိရောက်ဘူးဆိုတဲ့သဘောမျိုး သူဆက်ပြီးမြင်နေတုန်းဘဲလားခင်ဗျ။

"ကျနော်တို့လည်း ကျနော်တို့မှာရှိတဲ့ အချက်အလက်တွေတင်ပြသလို သူကလည်း သူသိတဲ့အချက်အလက်တွေ ပြန်တင်ပြပါတယ်။ ပိတ်ဆို့မှုကြောင့်တော့ အဖြေမရနိုင်ဘူး။ သို့သော် ပိတ်ဆို့မှုက လိုအပ်တယ်ဆိုတဲ့အနေအထားကိုတော့ သူလက်ခံပါတယ်။ ဗီယက်နမ်မှာတုန်းကလည်း ပိတ်ဆို့မှုကိုဖွင့်လိုက်တဲ့အချိန်မှာ တိုးတက်ပြောင်းလဲမှုနှုန်းနဲ့ ပိတ်ဆို့ထားတဲ့အချိန်မှာရှိတဲ့ တိုးတက်ပြောင်းလဲမှုနှုန်းကွာတယ်။ ဒါကို သူက သူ့အတွေ့အကြုံအရ ရှင်းပြသွားတာ ကျနော်တို့လည်း လက်ခံပါတယ်။ ကျနော်တို့ပြောတဲ့ပိတ်ဆို့မှုကို လက်ရှိ ထားရှိရမယ်ဆိုတာကိုတော့ သူ့အနေနဲ့ပြန်ပြီး ငြင်းပယ်တဲ့ကိစ္စမရှိဘူးလို့တော့ ကျနော်ပြောနိုင်ပါတယ်။"

ဒီနေ့ဆွေးနွေးမှုမှာ အဓိကကျတဲ့အချက်က ဘာလဲခင်ဗျ။ သူရော ဦးမောင်မောင်တို့ရော ဆုံချက်တရပ်ကိုရောက်ရှိပြီးတော့ အခရာကျတဲ့အချက်က ဘာလို့ပြောလို့ရပါသလဲ။

"ကျနော်တို့ဘက်ကတင်ပြတာကတော့ ရွှေဂုံတိုင်ကြေညာချက်ရယ်၊ တိုင်းရင်းသားအစုအဖွဲ့ ၁၃ ဖွဲ့က နအဖ အမျိုးသားညီလာခံမှာ တင်ပြထားတဲ့အချက်တွေအပေါ်မှာ ရေးဆွဲထားတဲ့အချက်ရှိပါတယ်။ ဒီအပေါ်မှာအခြေခံပြီး ရေးထားတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ကျနော်တို့မှာရှိတယ်။ ဒါကို သူလက်ခံတယ်။ လေ့လာပါမယ်လို့ ကျနော်တို့ကိုပြောတယ်။ ဒီအပြင် ထပ်ပြီးပြောတာက သူလည်း ဗမာပြည်တိုးတက်ဖို့ ပြုပြင်ပြောင်းလဲဖို့အတွက် အခြေအနေရှိတယ်ဆိုရာမှာတော့ နှစ်ဦးနှစ်ဘက် သဘောတူပါတယ်ဆိုတဲ့အနေအထားအထိဘဲ သူပြောသွားပါတယ်။"

ဦးမောင်မောင်အနေနဲ့ရော ဒီနေ့ဆွေးနွေးပွဲကို ဘယ်လိုသုံးသပ်မိပါသလဲ။ အားရမှုရှိပါသလား၊ နောက်ထပ်ရော ဆက်လက်ဆွေးနွေးဖို့ရှိပါသလား။

"ကျနော်တို့ကတော့ ပထမဦးဆုံးအကြိမ် တွေ့တာဖြစ်ပါတယ်။ ဒါပေမယ့် နောက်တခါ ကျနော်သူ့ကိုရှင်းပြလိုက်ပါသေးတယ်။ ကျနော်တို့အနေနဲ့ နိုင်ငံရေးအစုအဖွဲ့တွေကို တာဝန်ခံတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ သူ့ကိုအခုထက်ထိ ပုတ်ခတ်ပြောဆိုခြင်းမရှိဘူး ဆိုတဲ့အကြောင်း၊ ကျနော်တို့အနေနဲ့ နိုင်ငံရေးအရ ပြောစရာရှိတဲ့ကိစ္စတွေပြောမယ်၊ နောင်ကိုလည်း ဆက်လက်ဆွေးနွေးဖို့ကိစ္စကိုလုပ်ဖို့ အာသီသရှိပါတယ်ဆိုတဲ့ဟာကို ကျနော်ပြောပြထားတယ်။ သူလည်းကျနော်တို့နဲ့ ဆက်လက်ဆွေးနွေးဖို့ စိတ်အနေအထားရှိတယ်လို့တော့ သုံးသပ်မိပါတယ်။"

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးဖြစ်တဲ့ ဦးဘိုလှတင့်ဟာ ဒီကနေ့အထက်လွှတ်တော်အမတ် Jim Webb နဲ့တွေ့ဆုံခဲ့ရာမှာ Jim Webb က မြန်မာ့ရေးပြောင်းလဲရေးမှာ ဘာက အဓိကကျတယ်လို့ ဦးဘိုလှတင့်တို့ကို ဆွေးနွေးပြောကြားသွားပါသလဲ။

"သူကတော့ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်လို့ သဘောထားကွဲကောင်း ကွဲနိုင်တယ်၊ ဒါပေမယ့် တကယ့် ဗမာနိုင်ငံမှာဖြစ်သင့်တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဖွံ့ဖြိုးမှုတွေ တကယ်ပွင့်လင်းတဲ့ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာရေးကိစ္စတွေမှာတော့ မကွဲပြားတဲ့အကြောင်းလဲ သူပြောပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကရော၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကရော ပြောတဲ့ သမတ အိုဘားမားအစိုးရက မြန်မာစစ်အစိုးရနဲ့ထိတွေ့ဆက်ဆံရေးလုပ်တဲ့ တပြိုင်တည်းမှာဘဲ အတိုက်အခံအဖွဲ့အစည်းတွေနဲ့လည်း ထိတွေ့ဆက်ဆံပါဆိုတာနဲ့ပတ်သက်ပြီးတော့ Jim Webb ရဲ့သဘောထားက ဘယ်လိုရှိပါသလဲခင်ဗျ။

"သူကတော့ လက်ရှိ အမေရိကန်အစိုးရရဲ့ ပေါ်လစီနဲ့ပတ်သက်ပြီးတော့ သူ့အနေနဲ့သဘောတူတယ်လို့ ပြောပါတယ်။ ဘာကြောင့်လည်းဆိုတော့ တဘက်မှာ စီးပွားရေးအရ ပိတ်ဆို့မှုတွေကိုဆက်ပြီးထိန်းထားမယ်၊ တဘက်မှာလည်း အဆင့်မြင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်မှုတွေ လုပ်သွားမယ်ဆိုတဲ့ကိစ္စကို သူ သဘောတူတယ်ဆိုတာပြောပါတယ်။"

အမေရိကန်အထက်လွှတ်တော် အာရှနဲ့ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ဒီမိုကရက်အမတ် Mr.Jim Webb ကို မနေ့ကသွားတွေ့ခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူးဦးမောင်မောင်နဲ့ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင့်တို့ကို ဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်။

---

**မျက်နှာဖုံးမှ**

က ပြောပါတယ်။

"အဲဒါတော့ ကျနော်မသိဘူးဗျ။ ကျနော်လည်းအဲဒီစာတွေမဖတ်ရဘူး။ ဒါ CEC ကထိုင်ပြီး ထွက်လာတဲ့ကြေညာချက်ဘဲ။"

အောက်ခြေမြို့နယ်တွေကတော့ အဖွဲ့ချုပ်ရဲ့လုပ်ငန်းတွေ မလုပ်နိုင်မှုအခက်အခဲတွေကို သိရှိကြောင်းနဲ့ အဖွဲ့ချုပ်ဟာ မြန်မာစစ်အစိုးရကပေးတဲ့ လုပ်ပိုင်ခွင့်ကိုသာ တောင်းဆိုနေတာမျိုး မဖြစ်သင့်ကြောင်း၊ မိမိတို့ပါတီတွင်းကိစ္စ လုပ်ဆောင်တဲ့အခါမှာ ခွင့်ပြုချက်ရမှ လုပ်ရမှာမဟုတ်ကြောင်း ပြောဆိုနေကြပါတယ်။

တချို့ကတော့ ပါတီကထိပ်ပိုင်းခေါင်းဆောင်တချို့ဟာ သူတို့နဲ့သဘောထားကွဲလွဲတဲ့ တက်ကြွလှုပ်ရှားသူတွေကို ထုတ်ပယ်တဲ့အလေ့အထသာရှိကြောင်း နားလည်အောင်ဆွေးနွေးဖို့ဆိုတာ တွေ့ဆုံဆွေးနွေးမှုတွေကသာ ဖြစ်နိုင်ကြောင်း ဒီအတွက် တွေ့ဆုံစကားပြောဆိုနိုင်ဖို့ တိုင်ပင်ညှိနှိုင်းနိုင်ဖို့ တောင်းဆိုနေတာဖြစ်ကြောင်း ပြောဆိုနေကြပါတယ်။

# အာဆီယံလူထုအခြေပြုညီလာခံတက်ရန် ကိုယ်စားလှယ် အမည်စာရင်းတင်သွင်း

**NEJ | အောက်တိုဘာ ၂၀ ။** ။ လာမယ့် ၁၅ ကြိမ်မြောက်အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံ ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံလူထုကိုယ်စားပြု တက်ရောက်မည့် တဦးတည်းသောကိုယ်စားလှယ် ရွေးချယ်ရန်အတွက် ပြည်တွင်းပြည်ပမှ လူထုအခြေပြုမြန်မာအဖွဲ့အစည်းတို့က အာဆီယံဦးဆောင်ကော်မတီသို့ အမည်စာရင်းအသီးသီးတင်သွင်းထားကြသည်။

ထိုင်းနိုင်ငံတောင်ပိုင်း ချအန်းမြို့တွင် ယနေ့ပြီးဆုံးသွားသော အာဆီယံလူထုအခြေပြုညီလာခံမှာ မြန်မာနိုင်ငံလူထုကိုယ်စားလှယ်အတွက် ၃ ရက်ကြာအပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုအပြီး ထိုင်းအခြေစိုက်မြန်မာကိုယ်စားလှယ်တို့က ဒေါ်ခင်ဥမ္မာအားတင်သွင်းထားပြီး ပြည်တွင်းကိုယ်စားလှယ်တို့က Capacity Building လူမှုရေးရာလုပ်ငန်းဆောင်ရွက်သူ ဒေါ်ဆွေဆွေအား အမည်သွင်းထားပါတယ်။

“ဘယ်သူ့ကိုရွေးချယ်မလဲဆိုတာ ဒီနေ့ညနေ ၆ နာရီကျရင် အာဆီယံဦးဆောင်ကော်မတီက ဆုံးဖြတ်ပေးမှာဖြစ်တယ်။” လို့ ညီလာခံကို မြန်မာရွှေ့ပြောင်းအလုပ်သမားအဖွဲ့ကိုယ်စားပြု တက်ရောက်ခဲ့သူဦးထူးချစ်ကပြောပါတယ်။ အောက်တိုလာ ၁၉ ရက် ယမန်နေ့က အာဆီယံနိုင်ငံများအလိုက် လူထုအခြေပြုကိုယ်စားလှယ်ရွေးချယ်ရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အတွက် ပြည်တွင်းပြည်ပ မြန်မာအဖွဲ့အစည်းတို့အကြား သဘောတူညီမှုမရရှိခဲ့တဲ့အတွက် ယနေ့တွင် အာဆီယံဦးဆောင်ကော်မတီက ရွေးချယ်နိုင်ရန် အခုလိုအမည်စာရင်းတင်သွင်းခဲ့ကြခြင်းဖြစ်ပါတယ်။

ရွေးချယ်ခံရသူသည် လာမယ့် ၂၃–၂၅ ရက်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း ဟိုဟင်မြို့မှာကျင်းပမယ့် ၁၅ ကြိမ်မြောက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ၂၀၁၀ ရွေးကောက်ပွဲနှင့်တရားမျှတမှုအပါအဝင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တဘက်သတ်ရေးဆွဲထားမှုတို့အား လာမယ့်ထိပ်သီးအစည်းအဝေးတွင် ထောက်ပြလာမည်ကို စစ်အစိုးရကစိုးရိမ်မှုရှိနေကြောင်း သိရှိရပါတယ်။

ဦးထူးချစ်က “လက်ရှိအခြေအနေအရ ဗမာပြည်ကလာတဲ့အဖွဲ့တွေက လွတ်လွတ်လပ်လပ်ပြောဆိုလုပ်ကိုင်နိုင်တဲ့ အဲန်ဂျီအိုတွေမရှိဘူးဆိုတာ ကျနော်တို့တင်ပြခဲ့တယ်။ အစိုးရနဲ့ပတ်သက်ဆက်နွယ်နေတာကို ထောက်ပြတယ်။ အထဲက အဖွဲ့တွေက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေလို့ပြောလို့မရဘူး။ အကောင်အထည်ဖော်တဲ့အပိုင်းမှာလည်း အခက်အခဲတွေဖြစ်လာနိုင်တာကြောင့် အထဲကလူကိုရွေးတာ ကျနော်တို့လက်မခံနိုင်ဘူး။

ကျနော်တို့ဘက်ကို သူတို့စိုးရိမ်တာက မြန်မာနိုင်ငံမှာဖြစ်ပျက်နေတဲ့အခြေအနေတွေကို အမှန်အတိုင်းတင်ပြမှာ ကြောက်နေကြတယ်။ ပြီးတော့ အသုံးအနှုန်းအပိုင်းကအစ သူတို့ကမကြိုက်ဘူး။ ဥပမာ မြန်မာကို ဗားမားလို့ခေါ်တာကအစပေါ့။” လို့ ပြောကြားပါတယ်။

အဆိုပါလူထုအခြေပြုညီလာခံကို မြန်မာပြည်တွင်းမှ မြန်မာစစ်အစိုးရနဲ့ဆက်နွယ်နေတဲ့ မြန်မာအမျိုးသမီးရေးရာအဖွဲ့၊ ကုန်သည်ကြီးများအသင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့နှင့် အခြားလူထုအခြေပြုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ပထမဆုံးအနေဖြင့် တက်ရောက်ခဲ့ကြခြင်းဖြစ်ပါတယ်။

အာဆီယံပဋိညာဉ်အရ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံကိုယ်စားပြုအစိုးရမဟုတ်သည့်အဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေးမှုကို ယမန်နှစ်ကစတင်ခဲ့ပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကကျင်းပခဲ့တဲ့ ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာလူထုကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသူ ဒေါ်ခင်ဥမ္မာကို မြန်မာစစ်အစိုးရက ကန့်ကွက်ခဲ့ဘူးပါတယ်။

ယနေ့ပြီးဆုံးသွားတဲ့ လူထုအခြေပြုညီလာခံသို့ ထိုင်းအခြေစိုက် ဒီမိုကရေစီအင်အားစုများမှ လူ့အခွင့်အရေးပညာပေးဌာန–မြန်မာနိုင်ငံ၊ မြန်မာအမျိုးသမီးများအဖွဲ့ချုပ်၊ မြန်မာရဟန်းတော်များအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီးသမဂ္ဂ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာအဖွဲ့၊ ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

ထိုကဲ့သို့ ထိုင်းအခြေစိုက် မြန်မာအင်အားစုတို့က ဒေသတွင်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာရပ်များနဲ့ စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများသည် အာဆီယံပဋိညာဉ်နှင့်ဆန့်ကျင်နေကြောင်း စတဲ့တင်ပြချက်များကို ပြည်တွင်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်အများစုက လက်မခံ ပယ်ချခဲ့ကြောင်း သိရပါတယ်။

ညီလာခံတက်ရောက်ခဲ့သူ ဦးအောင်မျိုးမင်းက “ထိပ်သီးအစည်းအဝေးကျရင် ဒီလူထုအခြေပြုတဲ့ Civil Society အတွက် ကျနော်တို့ကဘယ်လိုဖြစ်ချင်သလဲ၊ ဒီ အာဆီယံဒေသတွင်း လုံခြုံရေးဆိုင်ရာထိခိုက်မှုတွေနဲ့ အခက်အခဲတွေကို ဘယ်လိုအကျိုးပြုရေးလုပ်ငန်းတွေနဲ့ ဆောင်ရွက်သင့်သလဲဆိုတာ တင်ပြဘို့ရှိပါတယ်။” လို့ ခေတ်ပြိုင်ကိုပြောပါတယ်။

၁၉၇၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံသို့ မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ လာအိုနှင့်မြန်မာတို့ ပါဝင်ပါတယ်။

---

# ထိုင်းနှင့်တရုတ် မြန်မာကိုဖြတ်ကုန်သွယ်

**DVB | အောက်တိုဘာ ၂၀ ။** ။ အာဆီယံအစည်းအဝေးကျင်းပနေတဲ့ ကာလ ဒီလ ၂၄ ရက်မှာ ထိုင်းနဲ့တရုတ်တို့ကလည်း မြန်မာပြည်ကိုဖြတ်ပြီး ကုန်သွယ်ရေး လမ်းကြောင်းဖွင့်ဖို့ကိစ္စ ဆွေးနွေးဖို့ရှိနေပါတယ်။

ရှမ်းပြည်နယ် ကျိုင်းတုံနဲ့ တာချီလိတ်မြို့တွေကို ဖြတ်ပြီး ထိုင်းမြောက်ပိုင်းနဲ့တရုတ်ဘက်က ကူမင်းကို ဆက်သွယ်မယ့် ကုန်သွယ်ရေးလမ်းကြောင်းကိစ္စကို ထိုင်း–တရုတ် ပူးတွဲ ကုန်သွယ်ရေးကော်မတီ တတိယအကြိမ် အစည်းအဝေးမှာ ဆွေးနွေးမှာလို့ စိုက်ပျိုးရေးဝန်ကြီး ထီရဝန်ဆမွတ်က ပြောကြားကြောင်း ထိုင်းနိုင်ငံထုတ် နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။ ဒီညှိနှိုင်းမှုသာ အဆင်ပြေမယ်ဆိုရင် ထိုင်းဘက်က စိုက်ပျိုးရေးထွက်ကုန်တွေ၊ အထူးသဖြင့် သစ်သီးဝလံတွေကို အချိန်တိုတိုနဲ့ ပို့နိုင်မယ်လို့ ဆိုပါတယ်။ တရုတ်ကလည်း သူ့ဘက်က ကုန်ပစ္စည်းတွေကို ထိုင်းအဝေးပြေးလမ်း အမှတ် အာရ်သရီးကနေ ထိုင်းဘက်ကို တင်ပို့ချင်နေသလို အာဆီယံနိုင်ငံတွေဘက်ကိုလည်း မဲခေါင်မြစ်လမ်းကြောင်းကနေ တင်ပို့ချင်နေတာပါ။

ထိုင်းအဝေးပြေးလမ်း အမှတ် အာရ်သရီးသာ ထိုင်း–တရုတ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာရင် ထိုင်း–မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်တခုဖြစ်တဲ့ မယ်ဆိုင်–တာချီလိတ်မှာလည်း ကုန်သွယ်ရေးပမာဏ နှစ်ဆတိုးလာနိုင်တယ်လို့ ထိုင်းအကောက်ခွန်ဦးစီး အကြီးအကဲကို ကိုးကားပြီး နေရှင်းသတင်းမှာပဲ ဖော်ပြထားပါတယ်။ မယ်ဆိုင်–တာချီလိတ်ဂိတ်မှာ ကုန်သွယ်ရေးပမာဏဟာ ၂၀၀၉ ဘဏ္ဍာနှစ်မှာ ထိုင်းဘတ် သန်း ၄,၆၀၀ ကျော်အထိဖြစ်လာပြီး အရင်နှစ်ထက် ၁၇ ရာခိုင်နှုန်း နီးပါးတိုးတက်လာတယ်လို့ အဲဒီအရာရှိက ပြောပါတယ်။ ဒီ ကုန်သွယ်ရေးလမ်းကြောင်း ပွင့်လာရင်လည်း မြန်မာပြည်အတွက် အကျိုးအမြတ် အနည်းအကျဉ်းပဲရမှာဖြစ်ပြီး တရုတ်နဲ့ ထိုင်းဘက်ကသာ အမြတ်ထွက်မှာပါလို့ တာချီလိတ်–မယ်ဆိုင်က နယ်စပ်ကုန်သည်တဦးက သူ့အတွေ့အကြုံနဲ့ယှဉ်ပြီး ထောက်ပြ ဝေဖန်ပါတယ်။

“အစိုးရက ထရန်စစ်နဲ့ အခွန်ပဲ အနည်းအကျဉ်း ရဖို့ ရှိတယ်။ ပြီးခဲ့တဲ့ ၂ နှစ်ကလည်း သူတို့ ကွန်တိန်နာကြီးတွေနဲ့ ပစ္စည်းသွင်းလာတော့ ဗမာပြည်မှာ ကွန်တိန်နာကို ဖွင့်ခွင့်မရဘဲ ယိုးဒယားကို ဒါရိုက်ဝင်တော့ ယိုးဒယား ကာစတမ်က အခွန်ရတယ်။ ဗမာက ထရန်စစ်ခပဲ ရတယ်ဆိုတော့ ဗမာက ပြန်ပိတ်ပစ်လိုက်တယ်။”

# ဒီမိုကရေစီဖတ်စာ

**ကျော်ကျော်စိုး**

## ပေါင်မုန့်နှင့် လွတ်လပ်မှု
## Bread and Freedom

Sidney Hook

(၁၉၀၂–၁၉၈၉)

ကျော်ကျော်စိုး ဘာသာပြန်သည်

**ယခင်တပတ်မှအဆက်**

စားနပ်ရိက္ခာမလုံလောက်၍ တော်ပြတ်နေသူတဦးအား ယဉ်ကျေးမှုလွတ်လပ်ခွင့် အသိပညာလွတ်လပ်ခွင့်များအကြောင်းကိုပြောနေလျှင် အရာရောက် မဟုတ်သကဲ့သို့ တကိုယ်ရေသန့်ရှင်းရေး၊ ပညာရေး၊ အမျိုးသမီးနှင့် ကလေးများအပေါ် အနိုင်ကျင့်ရက်စက်နေမှုများအကြောင်းကိုလည်း စိတ်ဝင်စားမည် မဟုတ်ပေ၊ ထိုသူအတွက် အရေးအကြီးဆုံးမှာ စားရေရိက္ခာရရှိရေးပင်ဖြစ်သည်။ ထိုသူ၏တော်မွတ်ခေါင်းပါးမှု လျော့နည်းပပျောက်ရေးအတွက် ထောက်ပံ့ပေးရမည်မှာ လုပ်ဆောင်ရမည့်ကိစ္စတရပ်ဖြစ်သည်။ ထို့အပြင် အစာမဝသည့်သူအား လွတ်လပ်ခွင့်အကြောင်း ပြောဆိုခြင်းမျိုးမလုပ်သင့်ဟူသော အယူအဆသည် မဖြစ်သင့်ပေ။

ပေါင်မုန့်နှင့်လွတ်လပ်ခွင့်အကြားဆက်နွယ်မှုကို နားလည်ရန်အခြေခံ ကျသောအချက်များရှိနေသည်ကို သိရှိရန်လိုအပ်ပါသည်။ ပထမတချက်အနေဖြင့် ပေါင်မုန့်သည် လွတ်လပ်ခွင့်အတွက် လိုအပ်သောအခြေအနေတရပ်ဖြစ်သည့်တိုင် ထိုအခြေအနေသည် သူ့ဘာသာသူ အလိုအလျောက်ပေါ်ပေါက်လာခြင်းမဟုတ်ပါ။ လူမှုအရေးအရ ညီမျှမှု၊ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်မှုအခြေအနေများရှိမှဖြစ်သည်။ သို့မှသာ စားရေရိက္ခာမလောက်မငှဖြစ်နေသောသူသည် ထောက်ပံ့မှုများကို ရနိုင်မည်ဖြစ်သည်။ လွတ်လပ်သော စီးပွားလုပ်ငန်းလုပ်ကိုင်နိုင်မှု၊ လူအများသဘောဆန္ဒကိုအလေးထားမှု၊ လူမှုဖူလုံရေးစနစ်ကောင်းမွန်ရေးတို့သည် ပေါင်မုန့်(စားနပ်ရိက္ခာ)များကို ကောင်းစွာထုတ်လုပ်ဖြန့်ချိပေးနိုင်မှုကို ဖြစ်ပေါ်စေသည်၊ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း၌ ပြည်သူများသည် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရန်လိုအပ်ပေသည်။

ဒုတိယတချက်အနေဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုပြဿနာများသည် တခုနှင့်တခု အပြန်အလှန်ဆက်နွယ်မှုရှိနေသည်ဆိုသည့်အချက်ပင်ဖြစ်သည်၊ ၎င်းတို့ကို တကြိမ်တခါတည်းနှင့် ပပျောက်ပြေလည်သွားစေရန် ဖြေရှင်းနိုင်ခြင်းမရှိပေ။ လိုအပ်သည့်အချက်မှာ ပြဿနာများ၏အခြေခံကျသည့် ရေသောက်မြစ်ကို ဖယ်ရှားနိုင်မှဖြစ်မည်ဆိုသည်ပင်ဖြစ်သည်။

တတိယနှင့် နောက်ဆုံးအချက်အနေဖြင့် လူမှုပြုပြင်ပြောင်းလဲရေးသည် အာဏာရှင်စနစ်က ယဉ်ကျေးမှုနှင့် အသိပညာဆိုင်ရာလွတ်လပ်ခွင့်များကို ဖျက်ဆီးနိုင်ခြင်းမပြုနိုင်ရေးအတွက် လိုအပ်သည်ဆိုသည့်အချက်ဖြစ်သည်။ လူမှုရေး ပြုပြင်ပြောင်းလဲမှုများရှိခြင်းက လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုအစဉ်အလာများ၊ အသိပညာဆိုင်ရာများထိန်းသိမ်းရေးနှင့် တိုးမြှင့်ရေးကို ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

တခါတရံတွင် လူအချို့သည် မိမိတို့အလုပ်နေရာတည်မြဲရေးအတွက်၊ မိမိတို့နေထိုင်စရာရထားသည့်အိမ်ခန်းတွင်ဆက်လက်နေထိုင်နိုင်ရေးအတွက်၊ ပညာသင်ယူခွင့်နှင့် ဆေးကုသခံခွင့်မဆုံးရှုံးရေးအတွက် <u>မိမိတို့၏လွတ်လပ်ခွင့်များကို</u> လက်လွှတ်ဆုံးရှုံးရမည်ဟူသောခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရတတ်ပေသည်။ ထိုသို့သောအခြေအနေမျိုးနှင့်ပတ်သက်၍ စဉ်းစားရန်မှာ ထိုကဲ့သို့အာဏာနှင့် လုပ်ပိုင်ခွင့်ကို တရားမဲ့အသုံးချနေခြင်းက စစ်မှန်သည့်လုံခြုံမှုကို ပေးနိုင်မည်လောဆိုသည့်အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့ခေတ်ကာလအတွင်း အကောင်းဆုံးနှင့် အထင်ရှားဆုံးမြင်တွေ့နိုင်သည့်သင်ခန်းစာမှာ နိုင်ငံရေးအရလွတ်လပ်ခွင့်မရှိပဲနှင့် အခြားမည်သည့် လွတ်လပ်ခွင့်မျှရမည်မဟုတ် ရှိမည်မဟုတ်ဆိုသည်ပင်ဖြစ်သည်။ ထိုသို့သော အခြေအနေမဟုတ်ပါက လက်တဆုပ်စာအခွင့်ထူးခံများသည် အခြားမည်သူ့ သဘောထားအမြင်ဆန္ဒများကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ မိမိတို့သဘောကျ အလိုကျအတိုင်း ဆုံးဖြတ်ချက်များကို တချက်လွှတ်ဆုံးဖြတ်သွားလိမ့်မည်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်များ၏ ဆိုးကျိုးများကို လူအများသာခံစားရလိမ့်မည်ဖြစ်သည်။

လူသားတို့သည် မိမိတို့၏လွတ်လပ်ခွင့်ဆန္ဒဆိုသည်မှာ ပစ္စည်းဥစ္စာများ၊ စားနပ်ရိက္ခာများရရှိရေးလောက်အရေးမကြီးဟု မှတ်ယူခြင်းမရှိပေ။ ကောင်းခြင်းဆိုးခြင်းများကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိပြီး မိမိကိုယ်တိုင် တာဝန်ခံရမည်ဖြစ်သည်။ ကိုယ်ကိုယ့်ကို တာဝန်ခံပိုင်ခွင့်မရှိခြင်းသည် ကိုယ်၏ဂုဏ်သိက္ခာကို အသိအမှတ်ပြုမခံရခြင်းပင်ဖြစ်သည်။ ။ ☆☆☆☆☆

---

## လူထုအခြေပြုအဖွဲ့အစည်းဝင်ရောက်ခွင့်ပိတ်ပင်ခံရ

**RFA၊ အောက်တိုဘာ ၂၃။ ။** ၁၅ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံမှာ အာဆီယံခေါင်းဆောင်တွေနဲ့ အဖွဲ့ဝင် ၁၀ နိုင်ငံက လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ တွေ့ဆုံဖို့အစီအစဉ်မှာ နိုင်ငံ ၅ နိုင်ငံကရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပိတ်ပင်လိုက်ပါတယ်။

အဲဒီကိုယ်စားလှယ်တွေကတော့ မြန်မာနိုင်ငံလူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်အဖြစ်အရွေးချယ်ခံထားရတဲ့ မခင်ဥမ္မာအပါအဝင် လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်္ကာပူနိုင်ငံက ကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။ အခုလို တွေ့ဆုံခွင့်ပိတ်ပင်လိုက်တဲ့အတွက် အာဆီယံခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ရတဲ့ ကျန် ၅ နိုင်ငံထဲက ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေက လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေကလည်း သပိတ်မှောက်ပြီးထွက်လာကြပါတယ်။

ဘရူနိုင်းနဲ့ဗီယက်နမ်နိုင်ငံက လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ် ၂ ဦးဘဲ ဝင်တွေ့သလို မြန်မာနိုင်ငံလူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်အဖြစ် စစ်အစိုးရကရွေးချယ်ပေးလိုက်တဲ့ ဦးဝင်းမြင့်နဲ့ကိုစစ်အေးဆိုသူတို့က ဝင်ရောက်တွေ့ဆုံခဲ့ပါတယ်။ သူတို့နှစ်ဦးက မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေးကလို့ သိရပါတယ်။

အာဆီယံခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ပိတ်ပင်ခံရတဲ့ မြန်မာအပါအဝင် အခြား ၄ နိုင်ငံ ကိုယ်စားလှယ်တွေနဲ့ သူတို့နဲ့ပူးပေါင်းခဲ့သူတွေက နိုင်ငံခြားသတင်းထောက်တွေရှိရာ ရှယ်ရတန်ဟော်တယ်ရှေ့မှာ ဆန္ဒပြပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြပါတယ်။

လုံခြုံရေးတာဝန်ယူထားသူတွေက သူတို့ကိုအနှောင့်အယှက်မပေးခဲ့တာကြောင့် သတင်းစာရှင်းလင်းပွဲ အေးအေးဆေးဆေး ပြီးဆုံးသွားတာတွေ့ရပါတယ်။ အာဆီယံထိပ်သီးညီလာခံဖွင့်ပွဲကို အာဆီယံနိုင်ငံတွေက ခေါင်းဆောင်တွေအပြင် ပရိသတ်ပေါင်း ၇၀၀ ကျော်လောက်တက်ရောက်ပြီး ညီလာခံအဖွင့်မိန့်ခွန်းကို ထိုင်းဝန်ကြီးချုပ် အဘီဆစ်ကပြောသွားခဲ့ပါတယ်။

အာဆီယံဒေသတွင်းမှာ စိတ်ကူးနဲ့အိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နေရာမှာ ခြေလှမ်းတလှမ်းပိုနီးလာဖို့ ကျနော်တို့ဒီနေရာမှာစုဝေးခဲ့ကြတာပါ။ လာမယ့် ၂၀၁၅ မှာဆိုရင်တော့ ကျနော်တို့ရည်မှန်းထားတဲ့ အာဆီယံဒေသတွင်း လုံးဝသဟဇာတဖြစ်ပြီး ညီညွတ်ပေါင်းစည်းတဲ့လူ့အဖွဲ့အစည်းတခုဖြစ်လာအောင် ဆောင်ရွက်ရပါမယ်လို့ ဝန်ကြီးချုပ်အဘီဆစ်က အဖွင့်မိန့်ခွန်းပြောဆိုသွားပါတယ်။

# နယ်ခြားစောင့်တပ်ကိစ္စ အကြောင်းပြန်ပါဟု ဝ အဖွဲ့ကို နအဖ က အမိန့်ပေး

**DVB | အောက်တိုဘာ ၁၉ ။ ။** တရုတ်နယ်စပ်ဘက်က အပစ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ်ဖွဲ့ရေး လက်ခံ၊ မခံဆိုတာ ဒီလအကုန်မှာ အကြောင်းပြန်ရမယ်လို့ နအဖ က အမိန့်ပေးထားပေမယ့် အဲဒီအမိန့်ကို လက်မခံနိုင်ဘူးလို့ UWSA ဝ အဖွဲ့က အကြောင်း ပြန်လိုက်ပါတယ်။

ဒီအကြောင်းပြန်ချက်ကို ပြီးခဲ့တဲ့ သတင်းပတ်အတွင်းမှာ ပန်းဆန်းရှိ ဝ အာဏာပိုင်အဖွဲ့က နအဖ ကိုယ်စားလှယ်ဆီပေးပို့လိုက်တာဖြစ်တယ်လို့ ပန်းဆန်းရှိ ဝ အရာရှိတဦးက ပြောပါတယ်။ ဝ အဖွဲ့ရဲ့ သဘောထားက အပစ်ခတ်ရပ်စဲရေးလုပ်စဉ်က သဘောတူထားတဲ့အတိုင်း တပ်တွေနေရာချထားရေး၊ အသွင်ပြောင်းရေးကိစ္စဟာ လက်ရှိအစိုးရနဲ့ မဆိုင်ဘဲ ရွေးကောက်ပွဲကနေတက်လာတဲ့ အရပ်သားအစိုးရနဲ့ ဆွေးနွေးရမှာဖြစ်တဲ့အတွက် ဒီလို အကြောင်းပြန်လိုက်တာ ဖြစ်တယ်လို့ အဲ့ဒီ ဝ အရာရှိက ပြောပါတယ်။

"အဲ့ဒီတုန်းက ကျနော်တို့လူကြီးတွေက ခင်ဗျားတို့အစိုးရသစ်ကို ၂၀၁၀ မှာရွေးမယ်ဆိုရင် အဲ့ဒီကျမှ နယ်ခြားစောင့်တပ်နဲ့ပတ်သက်လို့ အေးအေးဆေးဆေးပြောကြရင် ကောင်းမယ်လို့ ပြောထားတယ်။ အကြောင်းပြန်လိုက်တာ ၅ ရက်၊ ၆ ရက်လောက်ရှိမယ်။ သူတို့ဆီက ဘာမှပြောမလာသေးဘူး။"

ဒီအကြောင်းပြန်ချက်အပေါ် နအဖ ကိုယ်စားလှယ်ဘက်က ဘာမှမပြောသေးသလို ပန်းဆန်းမြို့ကို လာမယ်ပြောပြီးမှ ယခုအထိမလာသေးတဲ့ စရဖ အကြီးအကဲ ဗိုလ်ချုပ်ရဲမြင့်ဆီက ဘာမှအကြောင်းပြန်ကြားချက် မရသေးဘူးလို့ အဲ့ဒီ ဝ အရာရှိက ပြောပါတယ်။ ဒီလို တရားဝင်အကြောင်းမပြန်သေးပေမယ့် လက်တွေ့စစ်ရေးအရ အချက်ပြအကြောင်းပြန်တာ၊ ဝ နဲ့ နအဖ နယ်စပ်မှာ စစ်အင်အားတိုးလာတာမျိုးနဲ့ ပတ်သက်ပြီး မေးမြန်းရာ အဲ့ဒီ ဝ အရာရှိက ဖြေဆိုပါတယ်။

"အခု အခြေအနေက သူတို့လည်း စိုးရိမ်ပုံရတယ် ထင်တယ်။ ရုတ်ရုတ်ရုတ်ရုတ်တော့ ရှိတယ်။ ကျနော်တို့ နယ်စပ်လည်း အဲဒီလိုပဲ။" ကိုကန့်အဖွဲ့နဲ့ နအဖ တပ်တွေ တိုက်ပွဲ စဖြစ်တဲ့ ဒေသက နန်တင့်ချောင်း တံတားကို တိုက်ပွဲဖြစ်ပြီးကတည်းက တံတားကို ဝ ဘက်က ပိတ်ထားလိုက်ပြီလို့ ဆိုပါတယ်။ ဒီချောင်းဟာ မြန်မာအစိုးရ၊ ဝ နဲ့ ကိုးကန့်နယ်မြေအတွက် ဗျူဟာမြောက်တဲ့ ဒေသဖြစ်ပြီး ဝ နယ်ထဲ မြန်မာတပ်တွေ ဝင်လာမှာစိုးလို့ ဝ ဘက်က ပိတ်ထားတဲ့သဘောလို့ တရုတ်နယ်စပ်ရှိ စစ်ရေးအတွေ့အကြုံရှိသူတွေက ပြောပါတယ်၊ လောလောဆယ်မတင်းမာသေးပေမယ့် ကိုးကန့်တိုက်ပွဲကနေ ပြန်လာတဲ့ နအဖ တပ်မ ၃ ခုက တပ်ရင်း ၂၀ ခန့်ဟာ ယခုအချိန်အထိ သူတို့နဲ့ စစ်အစိုးရကြားက နယ်စပ်မှာ နေရာယူထားဆဲဖြစ်တယ်လို့ ပြောပါတယ်။

ဒါကြောင့် ၂ ဘက်စလုံးက စစ်ရေးသတိနဲ့ နေကြရပေမယ့် မြို့တော် ပန်းဆန်းဘက်မှာ အခြေနေတွေ ပုံမှန်အတိုင်းရှိနေဆဲလို့ အဲ့ဒီ ဝ အရာရှိက ပြောပါတယ်။ ဝ နယ်နဲ့ထိစပ်နေတဲ့ ကိုးကန့်နယ်မြေမှာ တိုက်ပွဲတွေဖြစ်ပြီး ကတည်းက အခြေအနေတွေ ရှုပ်ထွေးနေပြီး အခုဆိုရင် အရင်က ထုတ်ပေးထားတဲ့ နိုင်ငံသားစီစစ်ရေးကဒ်တွေကို ပြန်သိမ်းပြီး တခု ယွမ် ၆၀ နဲ့ အသစ်ပြန်လုပ် ပေးနေတဲ့ အတွက် အခြေအနေတွေပိုရှုပ်ထွေးနေတယ်လို့ သူကပြောပါတယ်။ နယ်စပ်ဂိတ်အားလုံး ကိုးကန့်ဆီကနေ စစ်အစိုးရဘက်ကယူလိုက်ပြီးကတည်းက တရုတ်ဘက်နယ်စပ်ဖြတ်ခွင့်ကို လူတယောက် ယွမ် ၄၀ အထိ ကောက်ပြီး တင်းတင်းကျပ်ကျပ်ဆောင်ရွက်နေတဲ့အတွက် တရုတ်စီးပွားရေး လုပ်ငန်းရှင်တွေ နဲ့ ဒေသခံတိုင်းရင်းသားတွေ အတော်စိတ်ပျက်နေတယ်ဆိုပြီး အဲ့ဒီ ဝ အရာရှိကပြောပါတယ်။

"ကိုးကန့်ဘက်မှာ ၄ လပိုင်းတုန်းက မြန်မာမှတ်ပုံတင်ကို ကျနော်တို့ဒေသရေ၊ ကိုးကန့်ကပါလုပ်ကြတယ်။ အခုကိုးကန့်မှာ ပြန်သိမ်းပြီး တယောက်ကို အသစ်ပြန်လုပ်ဖို့ ယွမ် ၆၀ နဲ့ အိမ်ထောင်စုပြန်ဆောက်ကြတယ်။ တရုတ်ပြည်ဘက်သွားရင် နယ်ခြားဂိတ်တွေက တရုတ်ပြည်ဘက်ကို ဘယ်နှစ်ရက်အတွင်း ခွင့်ပြုတယ်။ ခွင့်ပြုတဲ့အတိုင်း မဟုတ်ဘဲ များသွားရင် ပြန်လာလို့မရတော့ဘူး။ စီးပွားရေးလုပ်တဲ့သူတွေက ၁ ရက် ဒါမှမဟုတ် ၂ ရက် ကြာရင် ကြာမယ်၊ ကျနော်တို့ နေထိုင်ဖို့မလွယ်ဘူးလို့ သူတို့က ပြောကြတယ်။"

---

# ကိုမင်းကိုနိုင် ၄၇ နှစ်ပြည့်မွေးနေ့ ပြည်တွင်း ပြည်ပ နေရာအနှံ့မှာ ကျင်းပကြ

**DVB | အောက်တိုဘာ ၁၉ ။ ။** ကျိုင်းတုံမြို့ အကျဉ်းထောင်မှာ ထောင်ဒဏ် ၆၅ နှစ် ကျခံနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ရဲ့ မနေ့က ကျရောက်တဲ့ ၄၇ နှစ်ပြည့် မွေးနေ့ပွဲကို သူ့မိသားစုက ကျင်းပခဲ့ပါတယ်။

တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာယာလမ်းနေအိမ်မှာ ကျင်းပခဲ့တဲ့ ဒီမွေးနေ့ပွဲကို ဝါရင့် နိုင်ငံရေးသမားတွေ အပါအဝင်အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်း၊ နိုင်ငံရေးအကျဉ်းသားမိသားစုတွေနဲ့ လူငယ်ကျောင်းသားတွေ စုစုပေါင်း ၁၀၀ နီးပါးလာရောက်တယ်လို့သိရပါတယ်။ ကိုမင်းကိုနိုင်ရဲ့မွေးနေ့မှာ သူက ကြီးကြီးကျယ်ကျယ်မလုပ်ဘဲ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့ပေးပါလို့ပြောတာနဲ့ ဘုန်းကြီးကျောင်းကို ချိုင့်သွားပို့တယ်လို့ အစ်မဖြစ်သူ မရီရီညွန့်က ပြောပါတယ်။

"အိမ်မှာကတော့ မွေးနေ့ရှင်မပါတော့ မွေးနေ့ပွဲ မကျင်းပဘူး၊ ဒါပေမယ့် သူ့မွေးနေ့ကို သတိရပြီးလာတဲ့၊ သတင်းမေးတဲ့သူတွေကို ဧည့်ခံတာလေ။ သူ့ကို ချစ်တယ်၊ ချစ်တယ်၊ သတိတရနဲ့ လာကြတယ်၊ ဆုံကြတယ်၊ စကားပြောကြတယ်။"

ကျိုင်းတုံထောင်မှာ အကျဉ်းကျနေတဲ့ ကိုမင်းကိုနိုင်ကို မိသားစုက ဒီလ ၁၃ ရက်နေ့က ထောင်ဝင်စာသွားတွေ့ခဲ့ပါသေးတယ်။ ဇူလိုင်လ ထောင်ဝင်စာတုန်းက အိမ်ကပေးတဲ့ ဂျာနယ်တွေ ထောင်ထဲမှာ ဖတ်ခွင့်မရပေမယ့် အခုတော့ ဂျာနယ်အားလုံး ပြန်ဖတ်ခွင့်ရနေကြောင်းနဲ့ ကိုမင်းကိုနိုင်ရဲ့ ကျန်းမာရေးအခြေအနေက အကြောတက်ပြီး ဇက်မှာ ကျိုးပေါင်းဖြစ်နေပေမယ့် ဆရာဝန်က ပုံမှန်လာစစ်ဆေးပေးတယ်လို့ ထောင်ဝင်စာသွားတွေ့တဲ့ မရီရီညွန့်က ပြောပါတယ်။ ထောင်ဝင်စာ သွားတွေ့ချိန်မှာ ထောင်ကလုပ်တဲ့ ကာထိန်ပွဲနဲ့ တိုက်ဆိုင်နေတဲ့အတွက် ပဒေသာပင်မှာ သူ့အတွက် ရည်စူးပြီး အလှူအတန်းတွေ လုပ်ဖြစ်တယ်လို့လည်း မရီရီညွန့်က ပြောပါတယ်။

"သူ့အနေအထားက နည်းနည်း အဆင်ပြေနေတဲ့ပုံ ရှိပါတယ်။ သူပြောတာတခုတော့ ရှိတယ် ၆၅ နှစ် မဟုတ်ပါဘူး၊ နောက်ထပ် နှစ် ၆၅၀ ထားလည်း အားလုံး အသက်ရှင်လို့ရမယ်ဆိုရင် ဒီကောင်က နေပြလိုက်ချင်ပါတယ်တဲ့။ နေတတ်ပါတယ်တဲ့။"

တောင်ဒဂုံမြို့နယ် အဖွဲ့ချုပ်ဝင်ဖြစ်တဲ့ ဒေါ်ခင်အေးတို့အဖွဲ့ကလည်း ကိုမင်းကိုနိုင်မွေးနေ့အတွက်ရည်စူးပြီး မနေ့က ညနေပိုင်းမှာ ကလေးငယ်တွေကို သာကူအလှူတိုက်ကျွေးခဲ့တယ်လို့ သိရပါတယ်။ ပြည်ပမှာတော့ ကိုမင်းကိုနိုင်ရဲ့ မွေးနေ့အခမ်းအနားကို မနေ့က ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ဦးစီးပြီးကျင်းပခဲ့သလို ဂျပန်နိုင်ငံမှာလည်း မြန်မာ့ဒီမိုကရေစီအင်အားစုတွေနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)တို့ ပူးပေါင်းကျင်းပကြတယ်လို့သိရပါတယ်။

# ရွေးကောက်ပွဲကျင်းပမယ်ပြောနေပေမယ့် လူ့အခွင့်အရေးတွေချိုးဖောက်နေဆဲ

**VOA၊ အောက်တိုဘာ ၂၂။** ။ နအဖ စစ်အုပ်စုက ရှေ့နှစ်ထဲရွေးကောက်ပွဲတွေကျင်းပမယ်လို့ ပြောဆိုနေပေမယ့် အခြေခံကျတဲ့လူ့အခွင့်အရေးအခြေအနေတွေဟာ စိုးရိမ်စရာအဆင့်မှာရှိနေဆဲဖြစ်တယ်လို့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ်က ပြောဆိုလိုက်ပါတယ်။

ဒီလိုဘဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ်ကလည်း နိုင်ငံရေးအခြေအနေတွေ တိုးတက်စေဖို့ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်သွားဖို့ တိုက်တွန်းခဲ့တာပါ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေဆဲဖြစ်တာမို့ ဒါတွေဟာ နိုင်ငံရေးအခြေအနေတွေအပေါ် သက်ရောက်မှုတွေပါရှိနေတဲ့အကြောင်း မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်လို့ ကုလသမဂ္ဂရဲ့ ၆၄ ကြိမ်မြောက် အထွေထွေညီလာခံရဲ့ တတိယကော်မတီကို အစီရင်ခံစာတင်သွင်းရာမှာ သူကပြောခဲ့တာပါ။

ဒီအတွက်ကြောင့်လည်း မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးဖို့ ရှေ့လထဲမြန်မာနိုင်ငံသွားရောက်ဖို့ရှိနေကြောင်းလည်း မနေ့တုန်းကဘဲ ကုလသမဂ္ဂအထွေထွေညီလာခံမှာ အစီရင်ခံစာတင်သွင်းရင်းနဲ့ အထူးကိုယ်စားလှယ် Tomas Ojae Quintana က ပြောဆိုလိုက်တာဖြစ်ပါတယ်။

“လူ့အခွင့်အရေးအခြေအနေတွေအပေါ် ယေဘုယျ ဆန်းစစ်ချက်အရ စိုးရိမ်စရာအဆင့်မှာ ရှိနေဆဲဖြစ်တဲ့အကြောင်း ကျနော်ပြောခဲ့တာပါ။ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုတွေကျူးလွန်နေတဲ့ ပုံစံမျိုးရှိနေသလို ဒီလိုကျူးလွန်မှုတွေကိုလည်း လွတ်ငြိမ်းခွင့်ပြုထားတာက ဒီချိုးဖောက်မှုတွေ ဆက်လက်ဖြစ်ပွားခွင့် ပေးထားသလိုလည်းဖြစ်နေပါတယ်။

ဒီလို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြစ်ပွားနေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး တာဝန်သိမှု၊ တာဝန်ယူမှုတွေ အမြန်ဆုံးအရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ အစိုးရကိုလည်း ကျနော်တောင်းဆိုခဲ့တာပါ။”

အထူးသဖြင့်အနေနဲ့ မြန်မာစစ်အစိုးရက လာမယ့်နှစ်မှာ ရွေးကောက်ပွဲတွေကျင်းပပြီး ဒီမိုကရေစီရေးဖော်ဆောင်နေပါတယ်လို့ ပြောဆိုနေချိန်မှာဘဲ အခုလို လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်မှုမရှိဘဲဖြစ်နေရတာကို လူ့အခွင့်အရေးကိုယ်စားလှယ်က အလေးထားပြောသွားခဲ့တာပါ။ ကုလသမဂ္ဂအထွေထွေညီလာခံကို အစီရင်ခံစာဖတ်ကြားတင်သွင်းတဲ့ နေရာမှာလည်း ဒါကိုဘဲ ဦးဦးဖျားဖျားပြောခဲ့တဲ့အကြောင်း သူက အစီရင်ခံစာတင်သွင်းအပြီးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တာဖြစ်ပါတယ်။

“ဒီရွေးကောက်ပွဲဟာ ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိရမယ်လို့ အစိုးရကိုကျနော်ပြောခဲ့ပါတယ်။ နိုင်ငံတွင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာလှုပ်ရှားခွင့်တွေကို အာမခံနိုင်ဖို့၊ ဒီရွေးကောက်ပွဲမတိုင်မီမှာလည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေ အားလုံးကို ပြန်လွှတ်ပေးဖို့လိုတာကို ပြောခဲ့တာဖြစ်ပါတယ်။”

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် Ibrahim Gambari ကလည်း မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ သောင်မတင်ရေမကျ ဖြစ်နေရတဲ့ကိစ္စတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းဖို့အတွက် အထွေထွေညီလာခံမှာ ဗုဒ္ဓဟူးနေ့တုန်းကဘဲ တိုက်တွန်းမှုတွေလုပ်ခဲ့တာပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်တဲ့နေရာမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု၊ အပြန်အလှန်နားလည်မှုတွေနဲ့ ဆွေးနွေးပြောဆိုမှုတွေကို အခြေခံမှသာဖြစ်နိုင်မယ့်အကြောင်း ပြောခဲ့တာပါ။

နိုင်ငံရေးအကျဉ်းသားတွေအားလုံးကိုလွှတ်ပေးဖို့၊ တိုင်းပြည်ရဲ့နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ရှိဖို့နဲ့ အစိုးရနဲ့အတိုက်အခံအင်အားစု၊ တိုင်းရင်းသားတွေကြား စစ်မှန်တဲ့ ဆွေးနွေးပြောဆိုမှုတွေ လုပ်ဆောင်ဖို့၊ ဒီအချက် ၃ ချက်ကို မြန်မာစစ်အစိုးရဘက်က မဆောင်ရွက်မချင်းတော့ အစိုးရရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် သံသယရှိနေကြဦးမှာဖြစ်တဲ့အကြောင်းကိုလည်း ပြောခဲ့တာပါ။

လူ့အခွင့်အရေးအထူးကိုယ်စားလှယ် Mr. Quintana ကလည်း အခြေခံပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့လိုတဲ့အကြောင်း အလားတူ တိုက်တွန်းခဲ့တာပါ။

“အရေးအကြီးဆုံးဖြစ်တဲ့ လူ့အခွင့်အရေးအခြေခံ ၄ ခုအဖြစ် ကျနော်သတ်မှတ်ထားတာကတော့ ပထမအနေနဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေကို လွှတ်ပေးရမယ်။ ဒုတိယအချက်ကတော့ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ မကိုက်ညီတဲ့ နိုင်ငံရဲ့ဥပဒေရေးရာမှာ ပြန်လည်သုံးသပ်မှုနဲ့ ပြုပြင်မှုတွေလုပ်ရမယ်။

တတိယကတော့ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုကင်းစေဖို့ အာမခံချက်ပေးနိုင်မယ့် တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲမှုလုပ်ရမယ်။ စတုတ္ထအနေနဲ့ကတော့ ပဋိပက္ခဖြစ်တဲ့ဒေသတွေမှာ အရပ်သားတွေရဲ့ အခွင့်အရေးတွေကို အကာအကွယ်ပေးသွားနိုင်အောင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွေကို လေးစားလိုက်နာအောင် စစ်တပ်ကိုပြုပြင်ပြောင်းလဲဖို့ ဖြစ်ပါတယ်။”

လူ့အခွင့်အရေးကိုယ်စားလှယ်အဖြစ် တာဝန်ယူစဉ်ကစလို့ မြန်မာနိုင်ငံကို ၂ ကြိမ်သွားရောက်ခဲ့တဲ့ Mr. Quintana ဟာ လာမယ့် နိုင်ဝင်ဘာ ၂၂ ရက်နေ့ ကနေ ၂၇ ရက်နေ့အထိ တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံကိုသွားရောက်စဉ်မှာတော့ မတရားဖမ်းဆီးထိန်းသိမ်းခံထားရတယ်လို့ သူ့အနေနဲ့သတ်မှတ်ထားတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ရဖို့ ကြိုးပမ်းသွားမယ်လို့လည်း ပြောပါတယ်။

ဒီခရီးစဉ်အတွင်း လူ့အခွင့်အရေးနဲ့ လူမှုရေးပြဿနာတွေကြုံနေရတဲ့ နယ်စွန်နယ်ဖျား တိုင်းရင်းသားဒေသတွေကိုသွားရောက်ပြီး အခြေအနေတွေကို အကဲခတ်စုံစမ်းဖို့ ရည်ရွယ်ထားကြောင်းလည်း သူပြောခဲ့ပါတယ်။

---

# တေးရေးဆရာမင်းစိတ္တ ဖမ်းဆီးခံရ

**DVB၊ အောက်တိုဘာ ၂၀။** ။ တေးရေးဆရာ ကိုမင်းစိတ္တကို ရန်ကုန်တိုင်း မှုခင်းရဲတပ်ဖွဲ့က ဖမ်းသွားတာ တပတ်လောက်ရှိပြီလို့ သူ့ရဲ့ မိတ်ဆွေတွေက ပြောပါတယ်။

တောင်ဒဂုံမြို့သစ်မြို့နယ် ၂၄ ရပ်ကွက်က သူငယ်ချင်းလည်းဖြစ် တပည့်လည်းဖြစ်တဲ့ အဆိုတော်ညီပိုင်ရဲ့ နေအိမ်မှာ တဦးတည်း ရှိနေတုန်း အဖမ်းခံရတာလို့သူ့ရဲ့မိတ်ဆွေတဦးက ပြောပါတယ်။

“အိမ်ရှင်တွေ ခရီးသွားနေတုန်း ခဏ အိမ်စောင့်ပေးတဲ့အနေနဲ့ နေပေးတာ။ အဲဒီမှာ အမြဲတမ်းလည်း မနေဘူး။ အဲဒီအိမ်က အရင်တုန်းက အရက်တွေဘာတွေ လုပ်တယ်ဆိုတဲ့ပုံစံမျိုးနဲ့ အမှုဖြစ်ခဲ့တာလေးတွေရှိတာပေါ့။ ၁၁ နာရီလောက်မှာ စီအိုင်ဒီကနေ ဝင်ဖမ်းတာ။ ဖမ်းချိန်မှာ အိမ်ပိုင်ရှင်ကမရှိဘူး။”

သောက်ပြီးသား အရက်ပုလင်းတွေကို သိမ်းဆည်းပြီး အရက်အတုလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပုလင်းခွံတွေကို သိမ်းဆည်းရာမှာ ကိုမင်းစိတ္တကို သက်သေတဦးအနေနဲ့ လက်မှတ်ထိုးခိုင်းပြီး ခေါ်ဆောင်သွားတယ်လို့ပြောပါတယ်။ အဲဒီနောက် ကိုမင်းစိတ္တကို တောင်ဒဂုံမြို့နယ် ရဲစခန်းကနေတဆင့် အင်းစိန်ထောင်ကိုပို့လိုက်ပြီး ရမန် ၂ ပတ် ယူထားတယ်လို့ ပြောပါတယ်။ မိတ်ဆွေအပေါင်းသင်းတွေက အာဏာပိုင်တွေကို ဆက်သွယ်မေးမြန်းတဲ့အခါ ကိုမင်းစိတ္တကို ဖမ်းဆီးထားတာ မဟုတ်ဘဲ ခဏခေါ်ယူမေးမြန်းတာဖြစ်ပြီး ပြန်လွှတ်ပေးမယ်လို့ စီအိုင်ဒီက ဒုရဲမှူး ဦးမြင့်ဝေက ပြောကြောင်း ကိုမင်းစိတ္တရဲ့မိတ်ဆွေက ပြောပါတယ်။

ကိုမင်းစိတ္တကို ဖမ်းဆီးပြီး ၂ ရက်အကြာမှာ အိမ်ပိုင်ရှင် အဆိုတော်ညီပိုင်နဲ့ တခြား ၂ ယောက်လည်း ဖမ်းဆီးခံရပြီး ဘာကြောင့်ဆိုတာ အတိကျမသိရဘူးလို့ဆိုပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်း မှုခင်းတပ်ဖွဲ့ရုံးကို ဆက်သွယ်မရတဲ့အတွက် တောင်ဒဂုံမြို့သစ်မြို့နယ် မြို့နယ်မှူးရုံးကို ဆက်သွယ်မေးမြန်းရာ ရဲစခန်းမှာရှိတဲ့ အမှုတခုနဲ့ ကိုမင်းစိတ္တ ပတ်သက်နေတာကလွဲပြီး အသေးစိတ်မသိဘူးလို့ တာဝန်ကျအရာရှိက ပြောပါတယ်။

**အောက်တိုဘာ ၂၀၊ BKK,AP,Rtrs ။ ။** မြန်မာသစ်များ တရုတ်သို့ဆက်လက်မှောင်ခိုရောင်းချလျက်ရှိကြောင်း၊ အမေရိကသည် တရုတ်ထံမှဝယ်သော တရားမဝင်သစ်များအနက်အချို့သည် မြန်မာမှသစ်များဖြစ်နိုင်ကြောင်း၊ ဗြိတိန်အခြေစိုက် Global Witness မှဆို၏။

**အောက်တိုဘာ ၂၁၊ EarthTimes ။ ။** အမေရိကန်ဒုနိုင်ငံခြားရေးတာဝန်ခံ Kurt Campbell သည် မြန်မာသို့ မကြာမီလာမည်ဟု အမေရိကန်သံရုံးတာဝန်ခံ Larry Dinger မှဆိုကြောင်း အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ဝင်းမှဆို၏။

**အောက်တိုဘာ ၂၁၊ BP။ ။** ဥရောပသမဂ္ဂသည်မြန်မာသို့ ကုလသမဂ္ဂမှတဆင့် ယခုလစတင်မည့် အလုပ်အကိုင်နှင့်စားနပ်ရိက္ခာ အာမခံစီမံကိန်းအတွက် ယူရို ၃၅ သန်း ကူညီမည်။

**အောက်တိုဘာ ၂၁၊ WTN-AP ။ ။** အမည်မထုတ်ဖော်သေးသော အမေရိကန်ထိပ်တန်းအမှုထမ်း(အရှေ့အာရှရေးရာလက်ထောက်အတွင်းရေးမှူး Kurt Campbell ဖြစ်နိုင်သော်လည်းမသေချာ) သည် လကုန်ပိုင်းတွင် မြန်မာသို့လာမည်ဟု နိုင်ငံခြားရေးဌာနမှဆို၏။

**အောက်တိုဘာ ၂၂၊ DVB။ ။** အသက် ၁၄ နှစ်တွင် စစ်ထဲအတင်းသွင်းခံရသူ ကလေးစစ်သည် ဝင်းသန်းထွန်း (၁၆နှစ်) သည် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးလာကြောင်း။

**အောက်တိုဘာ ၂၂၊ DVB ။ ။** ၈၈ မျိုးဆက်မှ ထောင် ၆၅ နှစ်ကျ မမာမာဦးကို အာဏာပိုင်များမှ သာယာဝတီမှဗန်းမော်ထောင်သို့ပို့ခဲ့ပြီး၊ မိသားစုသို့ အကြောင်းမကြားကြောင်း။

**အောက်တိုဘာ ၂၂၊ DVB ။ ။** မုံရွာကွန်ပျူတာတက္ကသိုလ်မှ နေမိုးအောင်အပါအဝင် ကျောင်းသား ၅ ဦးအား လှိုင်တရားရုံးမှ အသင်းအဖွဲ့ပုဒ်မ ၆ ဖြင့် ထောင် ၅ နှစ်စီချမှတ်ခဲ့ကြောင်း။

**အောက်တိုဘာ ၂၂၊ Mizzima ။ ။** အမေရိကန်၊ ဗြိတိန်၊ ဂျပန် ပြင်သစ်၊ နိုင်ငံ့ခေါင်းဆောင်များသို့ စစ်သားတိုင်းသည် စစ်အာဏာရှင်စနစ်လိုလားသူမဟုတ်၊ ဒီမိုကရေစီလိုလားသူပိုများကြောင်း မြန်မာစစ်သည်တစုမှ အိပ်ဖွင့်စာပို့ခဲ့၏။

**အောက်တိုဘာ ၂၂၊ HUA HIN ။ ။** လွတ်လပ်မျှတသောရွေးကောက်ပွဲဖြစ်စေရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် အာဆီယံဝင်များမှ နအဖ သို့ ပိုမိုဖိအားပေးတောင်းဆို၏။

**အောက်တိုဘာ ၂၂၊ NAIROBI-AP ။ ။** ဆိုမာလီပင်လယ်ဓားပြများသည် မြန်မာအပါအဝင် သင်္ဘောသား ၂၆ ဦးပါကုန်တင်သင်္ဘောတစီးအား ပြန်ပေးဆွဲထားကြောင်း။

**အောက်တိုဘာ ၂၂၊ CHAM-AM, Thailand ။ ။** အာဆီယံအစည်းအဝေးတွင် ထိုင်းသည် ၃၆,၀၀၀ ဦး တပ်နှင့်ရဲအစောင့်များ တာဝန်ပေးထားကြောင်း။

**အောက်တိုဘာ ၂၂၊ WTN ။ ။** အမေရိကန်၏ နအဖ အား အတွင်းကျကျသိလိုသည်ဆိုကာ တွေ့ဆုံဆွေးနွေးမှုသည်မလိုအပ်၊ နအဖ အကြောင်းသိပြီးသား၊ယုတ်မာသောအုပ်ချုပ်သူဟု Dana Rohrabacher (Republican ပါတီ) မှဆို၏။

**အောက်တိုဘာ ၂၂၊ AFP ။ ။** နအဖ သည် နေပြည်တော်တွင် လက်ကိုင်အဝေးပြောဖုံးသုံးခွင့် စတင်ခွင့်ပြုထားကြောင်း ဒေသခံများမှဆို၏။

**အောက်တိုဘာ ၂၂၊ XNA ။ ။** နအဖ သည် မြန်မာတွင်ပထမဆုံး ကားပြိုင်ကွင်းတခု သင်္ကန်းကျွန်းတွင် ယခုလထဲ စတင်ဆောက်လုပ်မည်။

**အောက်တိုဘာ ၂၂၊ VNA ။ ။** ဗီယက်နမ်သမတ Nguyin Minh Triet သည် ဗိုလ်ချုပ်သန်းရွှေ၏ မြန်မာသို့လာလည်ရန် ဗီယက်နမ်ရောက် ဗိုလ်ချုပ်ရွှေမန်းမှတဆင့် ဖိတ်ကြားချက်ကို လက်ခံခဲ့၏။

**အောက်တိုဘာ ၂၂၊ Irrawaddy ။ ။** ဆိုမာလီနိုင်ငံပြီးလျှင် မြန်မာသည် ကမ္ဘာတွင် ဒုတိယအကျင့်ပျက်လာဘ်စားနိုင်ငံဖြစ်ကြောင်း Transparency International ၏ ၂၀၀၉ ကမ္ဘာ့တဝှမ်းလာဘ်စားမှု အစီရင်ခံစာ မှဆို၏။

**အောက်တိုဘာ ၂၂၊ Irrawaddy ။ ။** အမေရိကန် ရီပတ်ဘလစ်ကင်ပါတီထိပ်သီးများသည် သမတ အိုဘားမား၏ နအဖ နှင့် ဆက်ဆံရေးမူကို ဆန့်ကျင်ကြောင်း ကွန်ဂရက်တွင် ထုတ်ဖော်ပြောဆို ထွက်ဆိုကြ၏။

**အောက်တိုဘာ ၂၂၊ Mizzima ။ ။** အဲန်အဲလ်ဒီအထွေထွေညီလာခံခေါ်ယူရန် ပါတီဝင်များမှတောင်းဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ ဆက်လက်ထိန်းသိမ်းခံနေရပြီး၊ နိုင်ငံအဝန်းပါတီရုံးများပိတ်ခံထားရ၍ အခြေအနေမပေးသေးကြောင်း ဌာနချုပ်မှဆို၏။

**အောက်တိုဘာ ၂၂၊ DVB ။ ။** ခင်ဥမ္မာအား ယခုနှစ် ၁၅ ကြိမ်မြောက်အာဆီယံအစည်းအဝေး၏ စင်ပြိုင် မြန်မာလူထုအဖွဲ့များကိုယ်စားလှယ်အဖြစ် ရွေးချယ်ရာ ASEAN Peoples' Forum တက်ရောက်သော နအဖ လက်ပါးစေအဖွဲ့များမှ မလိုလားကြောင်း။

**အောက်တိုဘာ ၂၂၊ GENEVA ။ ။** မြန်မာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုသည် စိုးရိမ်ဖွယ်ပြန့်နှံ့ကြောင်း၊ ယခုနှစ်မြန်မာသို့ နှစ်ခေါက်ကြည့်ရှုစစ်ဆေးခဲ့သူ ကုလ လူ့အခွင့်အရေးအရာရှိ Tomas Ojea Quintana မှဆို၏။

**အောက်တိုဘာ ၂၂၊ Philippine Star ။ ။** အာဆီယံတွင်းလူ့အခွင့်အရေးကော်မရှင်ဖွဲ့ စည်းနိုင်ခြင်းသည် အာဆီယံတွင်း လူ့အခွင့်အရေးဖောက်ဖျက်နိုင်ငံအပေါ် ပိတ်ပင်ပစ်ဒဏ်ခတ်မှု မပြုနိုင်သော်လည်း အမျိုးသမီးနှင့်ကလေးများအတွက် သိသိသာသာအကျိုးရှိကာ မှန်ကန်သော ခြေလှမ်းတလှမ်းဖြစ်ကြောင်း သတင်းအာဘော်မှဝေဖန်၏။

**အောက်တိုဘာ ၂၃၊ DVB ။ ။** မန္တလေးတိုင်း အထူးသင်းတပ်ဖွဲ့သည် မြင်းခြံမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဒေါက်တာဝင့်သူ၊ ကိုမျိုးဟန်၊ စိုးရာဇာဖြိုး၊ အောင်မျိုးလတ်၊ လှမျိုးကျော်၊ ကိုနိုင်၊ ကိုအောင်၊ သန်းထိုက်အောင်–တို့အား စက်တင်ဘာ ၁၆ နေ့က ဖမ်းသွားခဲ့ပြီး ယခုတိုင် မိသားစုများထံအကြောင်းမကြားသေးကြောင်း။

**အောက်တိုဘာ ၂၃၊ DVB ။ ။** ပုံးရှောင်နေသူ ကိုးကန့်တပ်မှဖုန်ကျားရှင်သည် မဟာမိတ်ဖွဲ့၍ မကြာမီ နအဖ တပ်များအား ထိုးစစ်ဆင်နိုင်မည်ဟု တရုတ်သတင်းစာမှဆို၏။

**စာမျက်နှာ ၁၂ သို့**

# ကိုမင်းကိုနိုင်မွေးနေ့ အောက်တိုဘာ ၁၈ မှာ'အကာသ'ပြန်လည်ဖွဲ့စည်း

**RFA | အောက်တိုဘာ ၁၉ ။ ။** ၈၈ မျိုးဆက် ဗကသ ခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ၄၇ နှစ်မြောက်မွေးနေ့ဖြစ်တဲ့ အောက်တိုဘာ ၁၈ ရက် မနေ့က ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ အခြေခံပညာအဆင့် ကျောင်းသားလူငယ်တွေက ရှစ်လေးလုံး အရေးတော်ပုံနောက်ပိုင်း ပေါ်ထွက်ခဲ့ဘူးတဲ့ အခြေခံပညာကျောင်းသားများသမဂ္ဂ အကာသကို ပြန်လည်ပြီးဖွဲ့စည်းခဲ့ပါတယ်။

လောလောဆယ် အသစ်ပြန်လည်ဖွဲ့စည်းတဲ့ အကာသ အဖွဲ့ ရန်ကုန်မှာ အင်အား ၇၀ လောက်ရှိနေပြီး အဖွဲ့ဝင်တချို့ဟာ မနေ့က တီရှပ်အဖြူရောင်တွေ ကိုယ်စီဝတ်ပြီး အကျဉ်းကျခံနေရတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အတွက် ရွှေတိဂုံဘုရားကိုသွားပြီးဆုတောင်းမှုတွေလုပ်ခဲ့သလို ဒီကနေ့လည်း အကာသရဲ့ရည်ရွယ်ချက်နဲ့လုပ်ငန်းစဉ်တွေ ရေးသားထားတဲ့ကြေညာချက်ကို အထက်တန်းကျောင်းသားတချို့ လိုက်လံပြီးဝေငှခဲ့တယ်လို့ သတင်းရရှိပါတယ်။

ရန်ကုန်မြို့တပိုက်က အထက်ကျောင်း ၁၃ ကျောင်းမှာ ဝေငှခဲ့တဲ့အခြေအနေနဲ့ပတ်သက်ပြီး အကာသ တာဝန်ခံတဦးအဖြစ်လှုပ်ရှားနေတဲ့ ကိုမင်းမင်းဦးက RFA ကို အခုလိုပြောပါတယ်။

"တာမွေ၊ သင်္ကန်းကျွန်း၊ အင်းစိန်၊ ဒဂုံမြို့သစ်နဲ့ မြောက်ဥက္ကလာပမြို့နယ်တွေကကျောင်းတွေ၊ အဲဒီကျောင်းတွေကို အဓိကထား ဝေလိုက်တယ်ခင်ဗျ။ ကျနော်တို့စာရွက်တထောင်လောက်ထုတ်ထားတယ်၊ ငါးရာကျော်လောက် ဝေလိုက်ရတယ်ခင်ဗျ။ ဝေပုံဝေနည်းကတော့ ကျောင်းရှေ့မှာ ကျောင်းလွှတ်အောင်စောင့်နေတယ်၊ နေ့ခင်းဘက် ကျောင်းလွှတ်တော့ အရင်းနှီးဆုံးကျောင်းသားတယောက်ကို ပေးလိုက်တယ်။ သူကတဆင့်ဖြန့်တယ်၊ ကျနော်တို့က သိုသိုသိပ်သိပ်လုပ်သွားတာပါ။"

အခုချိန်မှာ ငွေပေးမှပညာသင်လို့ရတော့တဲ့ အနေအထားဖြစ်လာတဲ့အတွက် လူငယ်တွေပညာကိုဆုံးခန်းရောက်အောင် မသင်နိုင်ကြတော့တာရယ်၊ ကျောင်းသားအခွင့်အရေးတွေ မရရှိတဲ့ကိစ္စတွေ ဒီအရေးတွေအတွက် ခုလို အကာသ ကို ပြန်လည်ဖွဲ့စည်းဘို့ ဖြစ်လာရတာဖြစ်တယ်လို့ ကိုမင်းမင်းဦးကပြောပါတယ်။

"အခုက ကျနော်တို့နိုင်ငံရဲ့ပညာရေးက ငွေနဲ့ဝယ်နေရတဲ့ပညာရေးဖြစ်နေတော့ မိဘတွေအနေနဲ့က ကလေးတွေကိုဆက်လက်ပြီးတော့ ပညာမသင်ပေးနိုင်တဲ့အတွက် အခုကလေးတွေမှာ ပညာမသင်ကြားနိုင်ဘဲနဲ့ လုပ်ငန်းခွင်ကို ဝင်နေရတဲ့အတွက် ပညာကိုဆုံးခန်းတိုင်အောင် မသင်ယူရဘူး။ ကျောင်းသားတွေအခွင့်အရေးတွေမရဘူး။ အဲဒါတွေကြောင့် သူတို့မှာမခံမရပ်နိုင်ဖြစ်ပြီး စိတ်ဓာတ်တွေတက်ကြွလာတာပါ။ အဲဒါကြောင့်မို့လို့ ကျနော်တို့ ဒီ အကာသ ဆိုတဲ့ အဖွဲ့အစည်းကို ထူထောင်လိုက်တာပါ။" အကာသ ခေါင်းဆောင် ကိုမင်းမင်းဦးပြောသွားတာပါ။

သူတို့လိုလူငယ်ကျောင်းသားအဖွဲ့တွေ ပေါ်ပေါက်လာတာကို နောင်တော် ဗကသ အဖွဲ့ကလည်းကြိုဆိုတဲ့အကြောင်း နောင် လုပ်စရာရှိတာတွေကို အတူလက်တွဲပြီး ပူးပေါင်းဆောင်ရွက်မယ့်အကြောင်း ဗကသ ကျောင်းသားခေါင်းဆောင် ကိုဇာနည်ကပြောပါတယ်။

"သူတို့ပတ်ဝန်းကျင်မှာရှိတဲ့မိဘတွေ သူတို့ခံစားနေရတဲ့ဒုက္ခတွေနဲ့ပတ်သက်ပြီး သူတို့ကနက်နက်ရှိုင်းရှိုင်းသဘောပေါက်ပြီးတော့ သူတို့နိုင်သလောက်တာဝန်ကို တိုင်းပြည်အတွက်ယူပေးတဲ့သဘောပါဘဲ။ အဲဒါကို ကျနော်တို့ကထောက်ခံကြိုဆိုရမှာပါ။ ကျနော်တို့အတွက် အဘိုးမဖြတ်နိုင်တဲ့ သားကောင်းရတနာလေးတွေပါဘဲ။ သူတို့ကိုမြေတောင်မြှောက်ပေးရမှာ ကျနော်တို့တာဝန်ပါဘဲ။"

အခြေခံပညာကျောင်းသားသမဂ္ဂကို မန္တလေးနဲ့ရန်ကုန်တိုင်းတွေမှာ စတင်ဖွဲ့ခဲ့ပြီဖြစ်ပြီး ကျန်ပြည်နယ်နဲ့တိုင်းတွေမှာလည်း တိုးချဲ့ဖွဲ့စည်းသွားမယ်လို့ သိရပါတယ်။ အကာသ အဖွဲ့ကို အခြေပညာအထက်တန်းကျောင်းသားတွေက ၁၉၈၉ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ဒီမိုကရေစီအရေးလှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၉၀ လွန်နှစ်ကာလတွေမှာတော့ အကာသ ခေါင်းဆောင်တွေကို စစ်အစိုးရက ဖမ်းဆီးထောင်ချအရေးယူတာတွေလုပ်ခဲ့တဲ့အတွက် အကာသ လှုပ်ရှားမှုတွေ အားပျော့သွားခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ထောင်ဒဏ် ၅၂ နှစ် ချမှတ်ခံခဲ့ရပြီး ၂၀၀၆ ခုနှစ်တုန်းက မန္တလေးထောင်ထဲမှာကွယ်လွန်သွားခဲ့တဲ့ ကိုသက်ဝင်းအောင်ဟာ အကာသ ခေါင်းဆောင်တွေထဲက တဦးအပါအဝင်ဖြစ်ပါတယ်။

အခုအခါ အကာသ အဖွဲ့ကို လက်ရှိအထက်တန်းကျောင်းသားတွေက ပြန်လည်ဖော်ထုတ်ပြီးတော့ လှုပ်ရှားမှုတွေ စတင်လိုက်တာဖြစ်ပါတယ်။ သူတို့ရဲ့မူတွေကတော့ အချက် ၅ ချက်ဖြစ်ပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ဒီမိုကရေစီနဲ့ ဒီမိုကရေစီပညာရေး၊ ကျောင်းသားထုအခွင့်အရေးကာကွယ်ရေးနဲ့ ငြိမ်းချမ်းရေးတို့ဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။

---

# ဘင်္ဂလားဒေ့ရှ် မြန်မာ နှစ်နိုင်ငံ စစ်ရေး ပြင်ဆင်မှုများပြုလုပ်

**DVB | အောက်တိုဘာ ၁၉ ။ ။** ဘင်္ဂလားဒေ့ရှ်–မြန်မာ ၂ နိုင်ငံ နယ်စပ်ပြဿနာနဲ့ပတ်သက်ပြီး မြန်မာဘက်က တိုက်ခိုက်မှာကို ဘင်္ဂလားဒေ့ရှ်ဘက်က စိုးရိမ်နေတယ်လို့ အင်တာနက် သတင်းတွေက ဖော်ပြပါတယ်။

၂ နိုင်ငံ အစိုးရတွေက ဒီကိစ္စကို ပြေပြေလည်လည်နဲ့ ညှိနှိုင်းဆွေးနွေးနေတယ်လို့ပြောနေပေမယ့် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ သူတို့ပိုင် ရေတပ်ကျွန်းတခုကို တိုက်ခိုက်ဖို့ မြန်မာစစ်တပ်က အဓိကပစ်မှတ်ထားနေတယ်လို့ ဘင်္ဂလားဒေ့ရှ်ဘက်က ပြောပါတယ်။

ဒီကျွန်းဟာ မြန်မာအနောက်ဘက်ကမ်းခြေ ၈ ကီလိုမီတာ ကွာဝေးပြီး၊ ဘင်္ဂလားဒေ့ရှ်ဘက်က တိုက်ခိုက်ရေးလေယာဉ်ဆင်းသက်ဖို့ နေရာနဲ့ကတုတ်ကျင်းတွေတူးဖို့ စတဲ့ ကာကွယ်ရေးအတွက် လုပ်ထားဖို့ ညွှန်ကြားထားတယ်လို့ အင်တာနက် သတင်းတွေက ဖော်ပြပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာစစ်တပ်တွေဟာ နယ်စပ်တလျှောက်မှာ တိုက်ရေယာဉ် တိုက်ခိုက်ရေးဂျက်လေယာဉ်တွေနဲ့ စစ်အင်အားတွေ တိုးချဲ့ထားတယ်လို့ အင်တာနက်သတင်းတွေမှာ ဖော်ပြပါတယ်။ နယ်စပ်မှာရှိတဲ့ တရားမဝင်ရိုဟင်ဂျာ မူဆလင်ဘာသာဝင်တွေနဲ့ ရခိုင်ပြည်နယ်ဘက်က ထွက်ပြေးရောက်ရှိလာသူတွေကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်တွေ မောင်းထုတ်နေတယ်လို့ ဆိုပါတယ်။ ဒီလို မြန်မာနိုင်ငံသားတွေကို မောင်းထုတ်နေတာနဲ့ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်မှာအခြေပြုလှုပ်ရှားနေတဲ့ ရခိုင် အမျိုးသမီးအစည်းအရုံးမှဒေါ်စောမြရာဇာလင်းက ဟုတ်မှန်ကြောင်းပြောပါတယ်။

"ဘင်္ဂလားဒေ့ရှ်ဘက်က လိုက်လံပြီးစစ်ဆေးတယ်။ ပြန်ပို့မယ့် အနေအထားရှိတယ်။ သူတို့ကို လုံခြုံရေးအရ အကူအညီပေးပါဆိုပြီး ဖုန်းဆက်တယ်။ ဖမ်းဆီးမှုတွေဖြစ်နေတဲ့ ဘူးသီတောင်နဲ့ ရခိုင်ပြည်နယ်အထွက် အလယ်ခေါင်တောင်ဇရိယာက ဆက်တာပါ။ မနေ့က ဖုန်းဆက်တုန်းက ကျမ အစည်းအဝေးထဲမှာမို့ မကိုင်ဖြစ်ဘူး။ ဟိုနေကလည်း ဖုန်းမကိုင်ဖြစ်ဘူး။ ဒီနေ့က ဘာကြောင့်ခေါ်နေရတာလဲဆိုတော့ သူတို့တွေ နေလို့ မရတော့ဘူးတဲ့။ ဒါကြောင့် အကူအညီတောင်းတာပါတဲ့။"

အဲဒီအထဲမှာ မူဆလင်ဘာသာဝင် ရိုဟင်ဂျာတွေနဲ့ ၈၈ အရေးအခင်း၊ ၂၀၀၇ စက်တင်ဘာ အရေးအခင်းနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ထွက်ပြေးရောက်ရှိသူတွေ ဖြစ်တယ်လို့သိရပါတယ်။ ဒီကိစ္စကို မနက်ဖြန်မှာ နိုင်ငံတကာကိုရော ဘင်္ဂလားဒေ့ရှ်အခြေစိုက် ယူအန်အိပ်ချ်စီအာက တာဝန်ရှိသူတွေကို တင်ပြမယ်လို့ ဒေါ်စောမြရာဇာလင်းက ပြောသွားပါတယ်။



# သတင်းတိုထွေရာ ဖတ်စရာက

ကျော်စံတွေး

## နေပြည်တော်ကြပ်ပြေးမှုမိုဘိုင်းဖုန်း

နအဖ မြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ မိုဘိုင်းဖုန်းသုံးခွင့်ကို အာဏာပိုင်တွေက အောက်တိုဘာ ၉ ရက်နေ့မှာ စတင်ခွင့်ပြုလိုက်ပြီလို့ သိရပါတယ်။ ၂၀၀၅ ခုနှစ်မှာ ကြပ်ပြေးနေပြည်တော်ကို တည်ထောင်ပြီးတဲ့နောက် အဲဒီကအခြေအနေတွေကို အများသိမှာစိုးတဲ့အတွက် ပိတ်ပင်ခဲ့တာဟာ ၄ နှစ်ကြာခဲ့ပါတယ်။ အခုတော့ တယ်လီဖုန်းတလုံးသုံးခွင့်အတွက် ပါမစ်ကို ကျပ် တသန်းခွဲကျော်ပေးရတယ်လို့သိရပါတယ်။ **(AFP, 22.10.2009)**

## ကားပြိုင်ကွင်း

မြန်မာနိုင်ငံမှာ ပထမဦးဆုံးသောကားပြိုင်ကွင်းကို သဃ်န်းကျွန်းမှာ အခုလကုန်မှာ ဖွင့်လှစ်မယ်လို့သိရပါတယ်၊ ဂျပန်ကနေ ပြိုင်ကားတွေကို တင်သွင်းထားပြီး ဖြစ်တယ်ဆိုတာနဲ့ ပြိုင်ကားမောင်းသူတွေဟာ တနာရီ မိုင် ၇၀ ကနေ ၈၀ ကြားမောင်းနိုင်မှာဖြစ်ပါတယ်။ အဲဒ်အပြင် ကားမောင်းသမားတွေအတွက် အသက်အာမခံကိုလည်း လက်ခံပြုလုပ်ပေးနေပြီလို့လည်း သိရပါတယ်။ အဲဒီကားပြိုင်ကွင်းဟာ နိုင်ငံတကာအဆင့်မီတယ်လို့ဆိုပါတယ်။ **(XINHUA, 22.10.2009)**

## ဘင်္ဂလားလုပ်ရပ်မကျေမနပ်ဖြစ်

မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား ရေပိုင်နက်အငြင်းပွားမှုမှာ စစ်အင်အားပြကြတဲ့အထိဖြစ်ကြခဲ့ပြီးတဲ့နောက် အခုအခါ မျက်နှာချင်းဆိုင်ညှိနှိုင်းဆွေးနွေးမှုတွေ စတင်နေပြီလို့ သိရပါတယ်။ တိုးတက်အောင်မြင်မှုဘယ်အတိုင်းအတာအထိရှိတယ်ဆိုတာ မသိရသေးပေမယ့် ဘင်္ဂလားဒေ့ရှ်က ဒီကိစ္စကို ကုလသမဂ္ဂအဆုံးအဖြတ်ခံဖို့အတွက် ကုလသမဂ္ဂထံတောင်းဆိုလိုက်တဲ့အတွက် နအဖ ဘက်က မကျေမနပ်ဖြစ်တယ်လို့ သိရပါတယ်။ နအဖ ရဲ့ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာသံအမတ် ဦးဖေသန်းဦးက ဒီမှာဆွေးနွေးနေရဲ့သားနဲ့ ဘာကြောင့် ကုလသမဂ္ဂဆီသွားရတာ လဲလို့ ပြောဆိုလိုက်ပါတယ်။ **(AP, 23.10.2009)**

## အာဆီယံထိပ်သီးအစည်းအဝေးလုံခြုံရေး

ပြီးခဲ့တဲ့ပြီလအတွင်းက အရှေ့အာရှအစည်းအဝေးကို ထိုင်းနိုင်ငံ ပတ္တရာပင်လယ်ကမ်းခြေစခန်းမှာ ကျင်းပစဉ်က တပ်ခံစင်ထောက်ခံတဲ့ဆန္ဒပြသူတွေက အစည်းအဝေးကျင်းပမယ့်နေရာကိုဝင်ရောက်သိမ်းပိုက်လိုက်တဲ့အတွက် ပျက်ပြားခဲ့ရတဲ့အတွေ့အကြုံတွေကြောင့် ထိုင်းအစိုးရဟာ ဒီတခေါက်မှာ လုံခြုံရေးအင်အားတိုးချဲ့ပြီး တင်းကျပ်စွာချထားတယ်လို့ သိရပါတယ်။ ရဲတပ်ဖွဲ့နဲ့ စစ်တပ်အင်အား ၃၆၀၀၀ ကျော်ကို အသုံးပြုထားပါတယ်။ အရင်တခေါက်ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့သူတွေထဲက တဦးက ဒီတခေါက် ဆန္ဒပြဖို့ အစီအစဉ်မရှိဘူးလို့ ပြောဆိုလိုက်ပါတယ်။ **(AP, 22.10.2009)**

## မြန်မာ့လူ့အခွင့်အရေးအခြေအနေဆိုးရွား

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားက မြန်မာနိုင်ငံတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်ခံနေရတဲ့အတွက် အင်မတန်မှစိုးရိမ်ဖွယ်ရာကောင်းတယ်လို့ ကုလသမဂ္ဂမှာ အစီရင်ခံလိုက်ပါတယ်။ အဲဒ်အပြင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အာဏာပိုင်တွေက ဆက်လက်ထိန်းသိမ်းထားတဲ့ကိစ္စ၊ လူ့အခွင့်အရေးချိုးဖောက်သူတွေဟာ အရေးယူခံရတာမျိုးမရှိတဲ့ အခြေအနေတွေကို ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ **(REUTERS, 22.10.2009)**

## အီးယူထောက်ပံ့မှု

အီးယူက မြန်မာနိုင်ငံက အဆင်းရဲဆုံးသောဒေသတွေက ပြည်သူတွေရဲ့ စားနပ်ရိက္ခာဖူလုံစေဖို့ထောက်ပံ့တဲ့အနေနဲ့ ဒေါ်လာ ၃၅ သန်းကို နောင် ၅ နှစ်စာအဖြစ် ပေးမယ်လို့ ဆိုလိုက်ပါတယ်။ အီးယူဟာ နာဂစ်ဘေးဒဏ်သင့်တဲ့ သူတွေကို ထောက်ပံ့မှုပေးတာ အများဆုံးဖြစ်ပါတယ်။ အီးယူက သူ့ရဲ့ထောက်ပံ့မှုတွေကိုကုလကနေတဆင့် ပေးတာဖြစ်ပါတယ်။ **(ALERTNET, 21.10.2009)**

## ပါတီညီလာခံကျင်းပရန်မဖြစ်နိုင်သေး

အဲန်အဲလ်ဒီပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က အဖွဲ့ချုပ်ဝင်တွေ တောင်းဆိုတဲ့ ပါတီညီလာခံကျင်းပရေးဟာ လက်ရှိအခြေနေတွေအရမဖြစ်နိုင်သေးဘူးလို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ပါတီခေါင်းဆောင်တွေ အထိန်းသိမ်းခံနေရ၊ ပါတီရုံးတွေအပိတ်ခံနေရ၊ စည်းရုံးရေးတွေမလုပ်နိုင်၊ နိုင်ငံရေးအခြေအနေတွေက သိမ်မွေ့နူးညံ့တဲ့အနေအထားဖြစ်နေတာကြောင့်လို့ အကြောင်းပြပါတယ်။ ညီလာခံခေါ်ပေးဖို့တောင်းဆိုတဲ့သူတွေက ပါတီခေါင်းဆောင်တွေ ဖမ်းဆီးခံထိန်းသိမ်းခံ သေဆုံးတာတွေရှိနေတာကြောင့် ပါတီအင်အားတောင့်တင်းအောင်လုပ်နိုင်ဖို့အတွက် တောင်းဆိုခြင်းဖြစ်ပါတယ်။ **(MIZZIMA, 22.10.2009)**

## အာဆီယံတောင်းဆိုမှု နအဖ ပိတ်ပင်

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့ အာဆီယံအဖွဲ့က တောင်းဆိုချက်ကို နအဖ က အာဆီယံထိပ်သီးအစည်းအဝေးမှာ ပိတ်ပင်မယ်လို့သိရပါတယ်။ နအဖ စစ်အစိုးရဟာ လွန်ခဲ့တဲ့ ၂ လကတည်းက အာဆီယံရဲ့အခုလိုလုပ်မယ့်အယူအဆကို လက်မခံပဲပယ်ချခဲ့ပါတယ်။ ဒေါ်စုကိစ္စကို အာဆီယံ တရားဝင်အာဂျင်ဒါထဲမှာ ထည့်သွင်းလို့မရပေမယ့် တံခါးပိတ်အစည်းအဝေးမှာ တော့ဒီကိစ္စကို ဆွေးနွေးမယ်လို့ သိရပါတယ်။ **(AFP, 20.10.2009)**

## မြန်မာပြည်သွားမယ့်အမေရိကန်ကိုယ်စားလှယ်အဖွဲ့

အိုဘားမားအစိုးရက မြန်မာနိုင်ငံအပေါ်ထားတဲ့ချဉ်းကပ်မှုပုံစံ ပြောင်းလဲလာခဲ့တဲ့ရလဒ်အနေနဲ့ အမေရိကန်နိုင်ငံခြားရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ကာ့တ်ကဲမ်ဘဲလ်ဦးဆောင်တဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့ဟာ မြန်မာနိုင်ငံကို လာမယ့်သီတင်းပတ်အတွင်းသွားရောက်မယ်လို့ သိရပါတယ်။ မစ္စတာကဲမ်ဘဲလ်က ဒေါ်စုနဲ့တွေ့ဆုံဖို့ကိစ္စကို နအဖ ကို တောင်းဆိုထားတယ်လို့ သိရပါတယ်။ အဲဒီအဖွဲ့ရဲ့ခရီးစဉ်အတွင်း စစ်အုပ်စုအရာရှိတွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ နအဖ ကိုထောက်ခံတဲ့အုပ်စုတွေနဲ့လည်းတွေ့ဖို့ အစီအစဉ်ရှိတယ်လို့လည်း သိရပါတယ်။ **(RTTNEWS, VOB, 22.10.2009)**

# နမ်းခမ်းကျေးရွာ ကျေးရွာကြံ့ဖွတ်ကောင်စီ အတွင်းရေးမှူးလုပ်ကြံသတ်ဖြတ်ခံရ

**NEJ ၊ အောက်တိုဘာ ၂၂ ။ ။** ရှမ်းပြည်မြောက်ပိုင်း၊ နမ်းခမ်းမြို့နယ် နောင်ခန်ကျေးရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကယကက အတွင်းရေးမှူး ဦးစိုင်းညွန့်သည် အမည်မသိ သေနတ်သမားများရဲ့လုပ်ကြံသတ်ဖြတ်ခံရကာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားတယ်လို့ သိရပါတယ်။

အသက် ၄၀ ဝန်းကျင်အရွယ် ဦးစိုင်းညွန့်သည် ယခုလ ၁၇ ရက် ည ၁၀ နာရီခန့်တွင် သူ့အိမ်သို့ပြန်လာစဉ် လမ်းပေါ်၌အမည်မသိ သေနတ်သမားများက အနီးကပ် ပစ်ခတ်သတ်ဖြတ်သွားရာ ပွဲချင်းပြီးသေဆုံးသွားတယ်လို့ နမ်းခမ်းမှကုန်သည်တဦးကပြောပါတယ်။

“အဲဒီညက ရွာဘုန်းကြီးကျောင်းဇရပ်မှာ အစည်းအဝေးတခုရှိတာ အဲဒီကအပြန်မှာ သေနတ်သမားတွေက သုံးလေးချက်အနီးကပ်ပစ်သွားတာ။ သေနတ်သံကြားတော့ ရွာထဲကလူတွေလည်းထွက်ကြည့်တော့ ပစ်တဲ့သူတွေကပြေးသွားကြပြီ။ ခေါင်းနဲ့ရင်ဘတ်မှာ ထိသွားတာ။ အလောင်းကိုနမ်းခမ်းဆေးရုံကို သယ်လာခဲ့သေးတယ်။ ဒီ နမ်းခမ်းနားကရွာဘဲ သိပ်မဝေးဘူး။” လို့ပြောပါတယ်။

ဦးစိုင်းညွန့်သည် နမ်းခမ်းမြို့နယ် မယကာ၊ ရဲတို့နဲ့ရင်းနှီးကျွမ်းဝင်ပြီး ကျေးရွာလူထုအပေါ် လုပ်အားပေးခိုင်းစေခြင်း၊ ကျေးရွာရှိနေအိမ်များမှ ငွေကြေးများကောက်ခံခြင်းကို အဓိကဆောင်ရွက်နေသူဖြစ်၍ လူမုန်းများနေသူလည်းဖြစ်တယ်လို့ အဆိုပါကုန်သည်က ပြောပါတယ်။

“ဒီမှာတော့ နည်းနည်းလေးနာမည်ဆိုးထွက်လာရင် အချခံရမှာဘဲ။ ဒီဒေသက ရှမ်းလက်နက်ကိုင်အဖွဲ့တွေရဲ့ နယ်မြေလိုဖြစ်နေတော့ သူတို့တွေကို ဘယ်တပ်ကမှလာပြီး လုံခြုံရေးယူပေးနိုင်တာမှမဟုတ်တာ။ မနှစ်ကလည်း ကြံ့ခိုင်ရေးအသင်းခေါင်းဆောင် အခုလိုအပစ်ခံရသေးတယ်။” လို့ပြောပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံမဲထည့်ရန် နမ်းခမ်းမြို့နယ်အတွင်း ကျေးရွာများတွင် စည်းရုံးရေးဆင်းနေတဲ့ ညောင်နှစ်ပင်အမျိုးသားညီလာခံ ကိုယ်စားလှယ်လည်းဖြစ်သူ မြို့နယ်ကြံ့ခိုင်ရေးအတွင်းရေးမှူး စိုင်းကျော်မြင့်သည်လည်း ၂၀၀၈ ခု၊ မေလ ၄ ရက်တွင် အမည်မသိသေနတ်သမားများရဲ့ လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရပြီး ယနေ့အချိန်အထိ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိခဲ့ပေ။

ယခု နောင်ခန်ကျေးရွာ ကယက အတွင်းရေးမှူးအား လုပ်ကြံသတ်ဖြတ်မှုအပေါ် တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ကွတ်ခိုင် ယာယီစစ်ဗျူဟာမှူး ဒုဗိုလ်မှူးကြီးမင်းဦးကိုယ်တိုင် နမ်းခမ်းမြို့တွင်ရောက်ရှိနေပြီး စစ်ဆေးမှုများလုပ်နေတယ်လို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် သတင်းရပ်ကွက်နဲ့နီးစပ်သူ မူဆယ်ဒေသခံတဦးကပြောပါတယ်။

“အဲဒီကိစ္စအတွက် မင်းဦးကို တိုင်းကနေတာဝန်ပေးထားတယ်။ အခု နမ်းခမ်းမှာအခြေပြုပြီး ရွာတွေကိုဝင်မွှေနေတယ်။ သူပုန်တွေနဲ့ဆက်စပ်သူတွေ၊ အရင်ရှမ်းတပ်ဖွဲ့ထဲက ပြန်လာတဲ့သူတွေကို လိုက်ရှာနေကြတဲ့သဘောပေ့ါ။ အမှုနဲ့မဆိုင်တဲ့ကြားက ရွာသားတွေထုတာနှက်တာ ခံရမယ့်ပုံပေါ်နေတယ်။” လို့ ပြောပါတယ်။

# လယ်ဧက တသောင်းနီးပါး ရေမြုပ်၍ တောင်သူများအခက်ကြုံ

**DVB ၊ အောက်တိုဘာ ၂၁ ။ ။** ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်မှာ လယ်ဧက ၁ သောင်းနီးပါး ရေမြုပ်နေလို့ အခက်ကြုံနေရတယ်လို့ တောင်သူတွေကပြောပါတယ်။ ညောင်လေးပင်မြို့နယ် အင်းချောင်၊ ချောင်းဂျီနဲ့ ဝါးရုံကုန်းဒိုင်နယ်အပါအဝင် အဲဒီ အနီးအနားက လယ်ဧက ၁ သောင်းနီးပါရေမြုပ်နေတာပါ။

လယ်တွေရေမြုပ်ရတာက ရေစီးရေလာကောင်းမွန်အောင် လုပ်ပေးထားတဲ့ ရေနုတ်မြောင်းအတွင်း ငါးလုပ်ငန်းဦးစီးဌာနက အင်းသမားတွေကို အင်းလုပ်ခွင့်ပေးထားတဲ့နေရာမှာ ရေနုတ်မြောင်းတွေကို ပိတ်ဆို့ပြီး ငါးဖမ်းနေတဲ့အတွက် လယ်တွေထဲ ရေပြန်စီးပြီး ရေမြုပ်ကုန်တာလို့ လယ်သမားတွေက ပြောပါတယ်။

“ငါးသမား မိသားစုလောက်ကိုပဲ ကြည့်ပြီး လယ်မစိုက်နိုင်၊ စိုက်ထားတဲ့လယ်တွေ မရိတ်နိုင်၊ လယ်သမားတွေ ရာနဲ့ချီပြီး ဒုက္ခရောက်နေတာနဲ့ ပတ်သက်လို့ အခံရအခက်ဆုံးပါပဲ။ ကွင်းမှာရေက တချို့နေရာတွေဆို ခါးလောက်၊ ရင်ဆို့လောက် အခြေအနေမျိုးထိဖြစ်နေတယ်။ အဲဒါကိုဒီနေ့ထက်ထိ ဘာမှကို ဖြစ်မလာသေးဘူး။”

ဒီလို ရေမြုပ်တာဟာ လွန်ခဲ့တဲ့ ၂၀၀၆ ကတည်းကဖြစ်ပြီး အထက်အာဏာပိုင်တွေဆီ တင်ပြပေမယ့် ဘာမှ အရေးတယူ မလုပ်ပေးခဲ့ဘူးလို့ လယ်သမားတွေကပြောပါတယ်။ အဲဒီအတွက် အခက်ကြုံရတဲ့အခြေနေကို ဝါးရုံကုန်းရွာ လယ်သမားတဦးက ခုလိုပြောပြပါတယ်။

“အခု မိုးရာသီက စိုက်ပျိုးထားတဲ့ ရေမနိုင်စပါးတွေဆိုရင်လည်း ထွက်တဲ့စပါးက ထွက်လာပြီး ဖုံးတဲ့ဟာလည်း ဖုံးနေပြီ။ တချို့နေရာတွေမှာ ရေက ခါးလောက်၊ ရင်ဆို့လောက်၊ အဲဒီလိုဖြစ်ပြီးတော့ ဒီလိုဆုံးရှုံးခဲ့ရတာတွေလည်း အများကြီးပဲ။ ရေထဲမှာ ရိတ်တော့လည်း ဘဲတွေကထိုး၊ လှေနဲ့လည်း သယ်မရ၊ ကျနော်တို့တောင်သူတွေ ဆုံးရှုံးတယ်။”

စပါးတွေကို တန်ဆောင်မုန်းလကုန် နတ်တော်လဆန်းမှာ ရိတ်ရတာဖြစ်ပြီး မနှစ်ကဆိုရင် နတ်တော်လကုန်တဲ့အထိ မရိတ်ရလို့ ဆုံးရှုံးရတာတွေလည်း အများကြီးရှိကြောင်း၊ ရေကြီးတဲ့အတွက် လယ်သမားတွေ ပထမဆုံးရင်ဆိုင်ရတာက တိရိစ္ဆာန်တွေ၊ လှည်းတွေဖြစ်ပြီး ဒုတိယကြုံရတဲ့ အခက်အခဲက လယ်ယာမြေတွေဖြစ်ကာ တတိယ အခက်အခဲက ဘယ်လိုမှ ဝေဖန်လို့မရတဲ့အဆင့် ဖြစ်နေတယ်လို့လည်း အဲဒီလယ်သမားက ပြောပါတယ်။

ဒီအခက်ခဲတွေကို ဖြေရှင်းပေးဖို့ ဝါးရုံကုန်းရွာ လယ်သမား ၅၇ ဦး စုပေါင်းလက်မှတ်ထိုးပြီး မြို့နယ် မယကာ၊ ဆည်မြောင်းဦးစီးဌာနနဲ့ ငါးလုပ်ငန်းဦးစီးဌာနကို စာရေးတိုင်ကြားခဲ့ပါတယ်။ အောက်တိုဘာ ၉ ရက်နေ့က ပေးပို့ခဲ့တဲ့တိုင်ကြားစာထဲမှာ ရေနုတ်မြောင်းအတွင်း ငါးရှာခွင့်မရှိဘဲနဲ့ ငါးဖမ်းခွင့်ပေးထားတဲ့အတွက် ငါးဖမ်းနေကြတဲ့ အင်းသူကြီးတွေကိုပါ တရားဥပဒေအရ အရေးယူပေးဖို့ တောင်းဆိုထားပါတယ်။ ဒီရက်ပိုင်းအတွင်း သက်ဆိုင်ရာ အာဏာပိုင်တွေက အဲဒီနေရာတွေကို သွားကြည့်နေတယ်လို့သိရပြီး အာဏာပိုင်တွေကို ဆက်သွယ်လို့မရပါဘူး။

## ပြက္ခဒိန်မှ

**အောက်တိုဘာ ၂၃၊ DVB ။ ။** ယခုလ ၁၅ တွင် ကရင်ပြည်နယ်တနေရာတွင် ကေအင်ယူနှင့် ဒီကေဘီအေတို့ ပဏာမအဆင့်ဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၂၃၊ NY ။ ။** နိုဝင်ဘာ၂၂ မှ ၂၇ ထိ မြန်မာတွင်စစ်ဆေးမည်ဟု ကုလလူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိ တိုးမားစ် အိုဟီးယေးကင်တားမားမှ ယနေ့ကဆို၏။

**အောက်တိုဘာ ၂၃၊ Jakarta Post ။ ။** အင်ဒိုနီးရှားသည် အာဆီယံအစည်းအဝေးတွင် လူ့အခွင့်အရေးနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို အဓိကထားမည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဌာနမှဆို၏။

**အောက်တိုဘာ ၂၃၊ Bernama ။ ။** အာဆီယံအစည်းအဝေးသို့ ပြည်သူ့အဖွဲ့ကိုယ်စားလှယ်များတက်ခြင်းကို မြန်မာ၊ ကမ္ဘောဒီး၊ လာအို၊ ဖိလစ်ပိုင်နှင့် စင်္ကာပူတို့မှ ကန့်ကွက်၏။

**အောက်တိုဘာ ၂၃၊ Nation ။ ။** အာဆီယံအဖွဲ့ဝင်အဖြစ်၊ မြန်မာသည် အတုအယောင်သာဖြစ်သည်၊ အဖွဲ့ဝင်ဖြစ်လာသည်မှစ၍ တရားဥပဒေစိုးမိုးရေး၊ မျှတစွာအုပ်ချုပ်မှုဒီမိုကရေစီ လူ့အခွင့်အရေးနှင့် လူမှုတရားမျှတမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာမူများကို ထပ်ခါတလဲလဲဖောက်ဖျက်ခဲ့သည်ဟု Somri Hananuntasuk မှဆို၏။

# အင်အားရှိအပစ်ရပ်အဖွဲ့အားတိုက်ခြင်းထက် ဖဲ့ထုတ်စည်းရုံးနည်းကိုနအဖကျင့်သုံး

**NEJ ၊ အောက်တိုဘာ ၂၂။** ။ မြန်မာစစ်အစိုးရရဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး ငြင်းဆန်နေတဲ့ အင်အားကြီးအပစ်ရပ်တိုင်းရင်းသားအဖွဲ့တို့အား စစ်ရေးဖိအားပေးတိုက်ခိုက်ခြင်းထက် အဖွဲ့အတွင်းအင်အားပြိုကွဲစေရန် ဖဲ့ထုတ်စည်းရုံးသည့်နည်းကို မြန်မာစစ်အစိုးရကကျင့်သုံးနေကြောင်း စစ်ရေးလေ့လာသူများက ပြောကြားပါတယ်။

"အခု ကေအိုင်အို ကချင်အဖွဲ့က နောက်ဆုံးတောင်းဆိုချက်အနေနဲ့ သူတို့တောင်းထားတဲ့ အခွင့်အရေးတွေအတိုင်း နအဖ ဘက်က လိုက်လျောပေးမယ်ဆိုရင် နယ်ခြားစောင့်တပ်တောင်မကဘူး၊ လက်နက်ဖြုတ်သိမ်းရရင်လည်း သူတို့ဘက်က လိုက်လျောပေးမယ်လို့ အောက်တိုဘာလဆန်းပိုင်းကတည်းက အကြောင်းပြန်ထားတယ်။ အဲဒါကို နအဖ ဘက်က ပြန်ငြိမ်သွားပြီး ကေအိုင်အို ကခေါင်းဆောင်တချို့ကို ခိုးတွေ့ပြီး စည်းရုံးတာတွေလုပ်နေတယ်။" လို့ ကချင်သတင်းအေဂျင်စီ အယ်ဒီတာ ကိုနော်ဒင်ကပြောပါတယ်။

ကေအိုင်အိုဌာနချုပ်နဲ့ အလှမ်းဝေးနေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကေအိုင်အိုတပ်မဟာ ၄ ကိုလည်း စစ်အစိုးရက နယ်ခြားစောင့်တပ်ဖွဲ့စည်းရန် ပိုမိုဖိအားပေးမှုများရှိနေပြီး တပ်မဟာ ၄ အား တိုက်ခိုက်လာပါက ကေအိုင်အိုတဖွဲ့လုံးကို စစ်ကြေညာလိုက်တာဘဲဖြစ်တယ်လို့ ကေအိုင်အိုကတုန့်ပြန်ထားကြောင်း ကိုနော်ဒင်ကပြောပါတယ်။

နယ်ခြားစောင့်အသွင်ပြောင်းရေးနဲ့ပတ်သက်ပြီး အပစ်ရပ်အဖွဲ့အချို့အားယခုလ အောက်တိုဘာနောက်ဆုံးအပတ်တွင် အကြောင်းပြန်ကြားရမယ်လို့ စစ်အစိုးရကဖိအားပေးထားပါတယ်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ရင်ဆိုင်တိုက်ပွဲဝင်လာခဲ့တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတို့အား မြန်မာစစ်အစိုးရအနေနဲ့ စစ်ရေးဖိအားဖြင့် တိုက်ခိုက်အောင်ပွဲခံခြင်းသည် ယာယီသာဖြစ်နိုင်ကြောင်း တရုတ်–မြန်မာနယ်စပ် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက သုံးသပ်ပါတယ်။

"တကယ်လို့ နအဖ ကဖိအားပေးပြီးတိုက်လို့ရှိရင်လည်း သူယာယီဘဲရနိုင်မယ်။ အမျိုးသားပြဿနာဟာ ဘယ်တော့မှမငြိမ်းသွားဘူး။ ဒီနေ့ ကေအိုင်အိုမရှိတော့ဘူးဆိုရင် နောက်နေ့မှာ ကေအိုင်အိုအသစ်တမျိုးထွက်လာမှာဘဲ။ ယူဒပလျှုအက်စ်အေက ဘယ်လိုမှတိုက်မနိုင်လို့ အပ်လိုင်ရရင်လည်း နောက် ဝ တပ်ဖွဲ့တဖွဲ့ပေါ်လာမှာဘဲ။ ဒါမုချဖြစ်တယ်။" လို့ ဦးအောင်ကျော်ဇောက ခေတ်ပြိုင်ကို ပြောကြားခဲ့ပါတယ်။

အပစ်ရပ်အဖွဲ့မှ အင်အားအကြီးဆုံး ဝ တပ်ဖွဲ့က သူတို့ရဲ့ရပ်တည်ချက်အဖြစ် မြန်မာစစ်အစိုးရနဲ့ရရှိထားပြီးသား ငြိမ်းချမ်းရေးမပျောက်ပျက်အောင် ထိန်းသိမ်းသွားရန်၊ ပြည်သူတို့ရဲ့လုံခြုံရေးနဲ့ ကောင်းစားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြည့်ဆည်းသွားရန်နဲ့ စစ်အစိုးရအပါအဝင် ဘယ်အဖွဲ့အစည်းနဲ့မဆိုမိတ်ဆွေအဖြစ်သတ်မှတ်ပြီး မိမိတို့ဘက်မှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမျိုး ပြုလုပ်မှာမဟုတ်သလို မိမိတို့နယ်မြေသို့ ကျူးကျော်တိုက်ခိုက်လာပါက အပြည့်အဝကာကွယ်သွားရန် အချက် ၃ ချက်ကို စွဲကိုင်ထားကြောင်း ဝ တပ်ဖွဲ့နဲ့နီးစပ်သူမန်းအိုက်ဖုံးကပြောပါတယ်။

"ကိုးကန့်တို့ ပလောင်တို့ကို လက်နက်အတင်းဖြုတ်သိမ်းသလို ဝ ကိုသွားလုပ်လို့မှမလွယ်တာ။ ဝ ကို စစ်ရေးအရကျူးကျော်တိုက်ခိုက်ရင်လည်း အခြားအပစ်ရပ်အဖွဲ့တွေကိုပါ နအဖ က စစ်ကြေညာသလိုဖြစ်သွားလိမ့်မယ်။ နအဖ ကိုပြန်တိုက်ဖို့ ဝ မှာ အင်အားအလုံအလောက်ရှိတယ်။" လို့ မန်းအိုက်ဖုံးကပြောပါတယ်။ အပစ်ရပ်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးဆက်လက်တည်မြဲရေးသည် နအဖ စစ်အစိုးရအပေါ်တွင်သာ မူတည်နေကြောင်း မန်းအိုက်ဖုံးက ဆက်လက်ပြောကြားပါတယ်။

"နအဖ က ဝ တပ်ဖွဲ့ရဲ့အတွင်းရေးကို ဖဲ့ဖို့မလွယ်ဘူး။ Leadership အပိုင်းမှာ ဝ က အခြားအဖွဲ့တွေထက်ဆာရင် ပိုပြီးခိုင်မာတယ်။ မွန်ပြည်သစ်အတွက်တော့ ပိုသတိထားရမယ်လေ။ နအဖ ဆိုတာက လူတယောက်ကိုတောင်မှ နှစ်ပိုင်းပိုင်းလုပ်လို့ရရင် ပိုင်းဖို့ကြိုးစားမှာဘဲ။ တယောက်နဲ့တယောက်ယုံကြည်မှုပျက်ပြားလာအောင် လုပ်မယ်။ ဒါက စစ်ရေးထက် ပိုထိရောက်မှန်းလည်း နအဖ ကသိထားတယ်။" လို့ မန်းအိုက်ဖုံးကပြောပါတယ်။

နယ်ခြားစောင့်တပ်လက်မခံတဲ့ အင်အားကြီးအဖွဲ့များမှာ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ၊ KIO ၊ မိုင်းလားအဖွဲ့ NDAK ၊ မွန်ပြည်သစ်ပါတီတို့ပါဝင်ပြီး တပ်အသွင်ပြောင်းရေး သဘောတူချက်ရရှိထားပြီး အဖွဲ့များမှာ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA ၊ ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး – ကလလတ၊ ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် NDAK နှင့် အင်အားအနည်းအကျဉ်းရှိတဲ့ အခြားလက်နက်ချ သို့မဟုတ် အပစ်ရပ်အဖွဲ့တို့ ဖြစ်ကြပါတယ်။

# ပြည်တွင်းရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ယူရို ၃၅ သန်း ပေးမည်

**DVB ၊ အောက်တိုဘာ ၂၀ ။** ။ မြန်မာပြည်တွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကို ထောက်ပံ့ကူညီရေးအတွက် ဥရောပသမဂ္ဂက အကူအညီငွေ ယူရို ၃၅ သန်း ပေးအပ်သွားမယ်လို့ ကတိပြုပြောဆိုလိုက်ပါတယ်။

ထိုင်းနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်နဲ့ ဥရောပသမဂ္ဂရဲ့ ဒေသဆိုင်ရာသံအမတ်တို့ မြန်မာနိုင်ငံကိုသွားရောက်လည်ပတ်ခဲ့တဲ့ တချိန်တည်းမှာ ခုလိုသတင်းထွက်ပေါ်လာတာပါ။ ဥရောပသံအမတ် ၂ ဦး မြန်မာနိုင်ငံကိုသွားရောက်ခဲ့တဲ့ ၅ ရက်တာခရီးစဉ်ဟာ ဥရောပသမဂ္ဂရဲ့ကူညီငွေပေးအပ်မှုကိစ္စနဲ့ သက်ဆိုင်သလို နိုင်ငံရေးရာအကြောင်းတွေလည်းပါဝင်ကြောင်း၊ အဖွဲ့အစည်းမျိုးစုံနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဥရောပသမဂ္ဂသံအမတ်ကြီး လင်းနာတ့်လင်နာရဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဆူဗီဆက်ပါလိနန်ကင က ပြောဆိုပါတယ်။

ဥရောပသမဂ္ဂဟာ မြန်မာအစိုးရအရာရှိတွေနဲ့ စေ့စပ်ဆွေးနွေးမှုတွေပြုလုပ်ဖို့ သုံးသပ်နေကြောင်းနဲ့ ဒါဟာ အချက်အလက်စုဆောင်းတဲ့ ခရီးဖြစ်ကြောင်း မစ္စစ်ဆက်ပါလိနန်ကင က ပြောပါတယ်။ စစ်အစိုးရသတင်းစာမှာတော့ ဥရောပသံတမန်တွေရဲ့ ခရီးစဉ်အတွင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းနဲ့တွေ့ဆုံခဲ့ပြီး အသင်းရဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက ပြည်တွင်းအခြေအနေမှန်နဲ့ ကြံ့ခိုင်ရေးအသင်းရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအကြောင်း ရှင်းပြခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဘရပ်ဆဲလ်မှာ အခြေစိုက်တဲ့ ဥရောပ–မြန်မာရုံးရဲ့ဒါရိုက်တာ ဦးဟန်ညောင်ရွှေက ကြံ့ခိုင်ရေးအသင်းနဲ့ ဥရောပသံတမန်တွေ တွေ့ဆုံတာဟာ ဝတ်ကျေတမ်းကျေတွေ့ဆုံမှုလို့ယူဆပြီး မြန်မာပြည်တွင်းက အဖွဲ့အစည်းပေါင်းစုံနဲ့တွေ့ဆုံဆွေးနွေးဖို့ ဥရောပရဲ့သံတမန်ရေးရာ ကြိုပမ်းမှုတခုလို့သုံးသပ်ပါတယ်။ ဥရောပသမဂ္ဂရဲ့ကူညီငွေတွေဟာ အဓိကအားဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ စားနပ်ရိက္ခာထောက်ပံ့ရေးတွေအတွက်ဖြစ်ပြီး အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကတဆင့်ပေးအပ်သွားမှာဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ မြန်မာပြည်တွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေသိသာအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားဖို့ရှိတယ်လို့ ဥရောပသံတမန်ရဲ့ပြောခွင့်ရပုဂ္ဂိုလ် မစ္စစ်ဆက်ပါလိနန်ကင က ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှုမှာ ပါဝင်စစ်ဆေးနေတဲ့ ဥပဒေရေးရာဝန်ထမ်းတွေအပါအဝင် စစ်အစိုးရအဆင့်မြင့်အရာရှိတွေအပေါ် အရေးယူပိတ်ဆို့မှုကို ဥရောပသမဂ္ဂက ပြီးခဲ့တဲ့ ဩဂုတ်လမှာသက်တမ်းတိုးမြှင့်ခဲ့ပါတယ်။ နာဂစ်မုန်တိုင်းသင့် ဒေသတွေက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာတော့ ကူညီလှူဒါန်းငွေ အားလုံးရဲ့ထက်ဝက်ကျော်ကို ဥရောပသမဂ္ဂက တာဝန်ယူခဲ့တာဖြစ်ပါတယ်။

# အောင်လံ က တောင်သူ ၁၂ ဦးအမှုတွဲကို ခရိုင်တရားရုံးတွင် အယူခံဝင်မည်

**DVB | အောက်တိုဘာ ၁၉ ॥ ॥** မကွေးတိုင်း သရက်ထောင်မှာ အကျဉ်းကျသွားတဲ့ တောင်သူလယ်သမား ၁၂ ဦးအမှုအတွက် မိသားစုတွေက သရက်ခရိုင်တရားရုံးကို ဆက်လက်အယူခံဝင်မယ်လို့ သိရပါတယ်။

ရန်ကုန်ရှိ အိုင်အယ်လ်အိုနဲ့ နေပြည်တော်အရာရှိတို့ရဲ့ခွင့်ပြုချက်နဲ့ လယ်ယာတွေပြန်လည်လုပ်ကိုင်ရင်း ထောင်ကျခံရတဲ့ ဦးသန်းစိုးတို့သားအဖ ၃ ဦး အပါအဝင်တောင်သူ ၁၂ ဦးရဲ့ အမှုအတွက် အယူခံမှာဖြစ်ပါတယ်။ ဒီလ ၁၆ ရက်နေ့က အောင်လံမြို့နယ်တရားရုံးကနေ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အမိန့်ချလိုက်တဲ့အပေါ် ဥပဒေလမ်းကြောင်းနဲ့ မညီတဲ့အတွက် ရှေ့နေတွေနဲ့ ညှိနှိုင်းပြီး သရက်ခရိုင်တရားရုံးကို ဆက်လက်အယူခံဝင်မှာဖြစ်တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

“အယူခံတက်ဖို့ လျှောက်လွှာမှာ အမှုတွဲတွေကိုပြန်ကူးနေတယ်။ ခရိုင်ကို အယူခံတက်ဖို့စီစဉ်နေပါတယ်။ ကျနော်တို့က တောသူ တောင်သားဆိုတော့ အမှုအသွားအလာကို နားမလည်တော့ ရှေ့နေကိုပဲအားကိုးရမှာ။ တောင်သူ ၁၂ ဦး စလုံးအတွက်အကုန်တင်မှာပါ။ တောင်သူထဲမှာ ဘာမှမဆိုင်ဘဲကျသွားတဲ့မိသားစုတွေရှိပါတယ်။ အငှားလိုက်တဲ့ အလုပ်သမားတွေပါသွားတယ်။ အဲ့ဒီ သူရဲ့မိသားစုတွေက အရမ်းဒုက္ခရောက်ရတယ်။ အယူခံရက်မကုန်ခင် အတတ်နိုင်ဆုံးစောပြီး တင်နိုင်အောင်ကြိုးစားမှာပါ။”

သူတို့အမှုအတွက် ရှေ့နေလိုက်ပေးမယ့်သူ ရရှိဖို့မလွယ်သလို၊ ရှေ့နေဌားဖို့အတွက် ငွေကြေးအခက်အခဲရှိပေမယ့် ငွေကြေးအတွက် တောင်သူအားလုံးစုပေါင်းပြီး မိမိတို့တတ်နိုင်တဲ့ဘက်က ကူညီလုပ်ဆောင်သွားမယ်လို့ ပြောပါတယ်။ ဒါ့ပြင် ထောင်ကျသွားတဲ့အထဲက ထောင်ဒဏ် ၅ နှစ်အထိ ချထားတဲ့မအေးဝင်းရဲ့ မိသားစုတွေက ပိုပြီးဒုက္ခရောက်နေတယ်လို့ ပြောပါတယ်။ မအေးဝင်းရော သူ့ရဲ့ခင်ပွန်းပါ ထောင်ကျတဲ့အတွက် အသက် ၈၀ ကျော် အမေအိုနဲ့ ၈ တန်း ၅ တန်းတက်နေတဲ့ ကလေး ၂ ယောက် ကျန်ခဲ့တာလို့ တောင်သူမိသားစုဝင်တဦးက ပြောပါတယ်။

“မအေးဝင်း စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်း၊ ဝါခင်းတွေကို တရားလိုလုပ်ခဲ့တဲ့ ကိုညဏ်ရှိန်နဲ့ကိုဝင်းမောင် နှစ်ယောက်ကနေ တောထဲမှာကျန်ခဲ့တဲ့ မအေးဝင်းရဲ့အမေအိုကြီးကို ကြိမ်းမောင်းပြီး သူတို့ပိုင်သွားပြီ၊ နင်တို့ပစ္စည်း မဟုတ်တော့ဘူးလို့ လုပ်နေကြတယ်။ ထောင်ထဲရောက်နေပါတယ်ဆိုမှ ဒီလိုမျိုး ထပ်ပြီးကြုံတွေ့နေရတယ်။ အမေအိုကြီးကို ကျနော်တို့ကျေးရွာကစုဆောင်းပြီး ကျွေးမွေးထားတဲ့အဆင့်ကို ရောက်နေတယ်။ အသက် ၁၀ နှစ်ဝန်းကျင် အကြီးမလေးက ၈ တန်း၊ အငယ်က ၅ တန်းပါ။ ကျောင်းထွက်ရတော့မယ့် အခြေအနေ ဖြစ်နေတယ်။”

ဦးသန်းစိုးတို့ တောင်သူတွေ လယ်သမားတွေကို ပြီးခဲ့တဲ့ ၂၀၀၇ ခုက ဒေသခံအာဏာပိုင်တွေက အဓမ္မကြံစိုက်ခိုင်းခဲ့တာဖြစ်ပါတယ်။ ဘိုးဘွားလက်ထက်ကတည်းက စိုက်ပျိုးနေကျသီးနှံအစား ကြံစိုက်လို့ မရတာကို အာခံတယ်ဆိုပြီး အာဏာပိုင်တွေက မြေယာသိမ်းယူလိုက်တာပါ။ ၂၀၀၉ ခုမှာ ရန်ကုန်ရှိ အိုင်အယ်လ်အိုကို တိုင်ကြားခဲ့တဲ့အတွက် လယ်ယာပြန်လုပ်ခွင့်ရခဲ့ပေမယ့် အငြိုးကြီးတဲ့ အာဏာပိုင်တွေက ထပ်မံအကြောင်းရှာပြီး မြေကျော်နင်းမှုအကျိုးစီးပွားဖျက်ဆီးမှုတွေနဲ့ တရားစွဲ ထောင်ချခဲ့တာဖြစ်ပါတယ်။

## ညီလာခံခေါ်ပေးဖို့ အဖွဲ့ချုပ်ဗဟိုက ဆုံးဖြတ်ချက်ချ

**RFA | အောက်တိုဘာ ၁၉ ॥ ॥** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအနေနဲ့ နိုင်ငံလုံးဆိုင်ရာညီလာခံ အမြန်ခေါ်ယူပေးဖို့ မြို့နယ် NLD အဖွဲ့ဝင် တချို့က တောင်းဆိုခဲ့တာနဲ့ပတ်သက်ပြီး တနင်္လာနေ့တိုင်း ပုံမှန်ပြုလုပ်နေကျ NLD ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာ ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး ဆုံးဖြတ်ချက်တရပ်ကိုလည်း အောက်တိုဘာ ၁၉ ရက် ဒီကနေ့မှာချမှတ်ခဲ့ကြောင်း သိရပါတယ်။

လက်ရှိကာလမှာ မြန်မာ့နိုင်ငံရေးအခြေအနေ ပိုပြီးအရေးကြီးလာနေပြီဖြစ်တဲ့အတွက် NLD ဗဟိုအနေနဲ့ နိုင်ငံလုံးဆိုင်ရာညီလာခံ ခေါ်ယူပေးရေးကို မြို့နယ်တချို့က ပြီးခဲ့တဲ့ရက်ပိုင်းတွေအတွင်း NLD ဗဟိုကို တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ အဲဒီတောင်းဆိုမှုတွေအပေါ် NLD ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာ အောက်တိုဘာ ၁၉ ရက် ဒီကနေ့ ဆွေးနွေးဆုံးဖြတ်ခဲ့တာတွေကို လာမယ့်ရက်ပိုင်းအတွင်း ကြေညာချက်ထုတ်ပြန်သွားမယ်လို့ NLD ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။

“ကျနော်တို့ဒီဟာကို အဖွဲ့ချုပ် CEC ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အလေးအနက်စဉ်းစားတယ်။ အလေးအနက်စဉ်းစားပြီးတော့ တင်ပြတဲ့စာတွေပေါ်မှာ မူတည်ပြီးတော့ ဒီနေ့အပြည့်အစုံဆွေးနွေးတယ်။ အပြည့်အစုံဆွေးနွေးပြီးတော့ ဆုံးဖြတ်ချက်လည်းချတယ်။ ဘာကြောင့်ဒီလိုခေါ်ယူရသလဲ၊ အဲဒီ ခေါ်ယူရတဲ့လိုရင်းအချက်အပေါ်မှာ ဒါမှမဟုတ် လိုရင်းအချက်ကို ဖြည့်ဆည်းနိုင်အောင်ဆိုပြီးတော့ ကျနော်တို့ဒီနေ့ ပါတီကနေပြီးတော့ အဖွဲ့ချုပ် CEC ကနေပြီးတော့ ဆုံးဖြတ်ချက်လုပ်ပေးတယ်။ အဲဒီဆုံးဖြတ်ချက်က ရက်ပိုင်းအတွင်းမှာ ကျနော်တို့စာနဲ့ထွက်မယ်။”

အနောက်နိုင်ငံတွေရဲ့ မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပြစ်ဒဏ်ခတ်မှုတွေကို ပြန်လည်ရုတ်သိမ်းရေးကိစ္စ စကားပြောဆိုဖို့ ဒေါ်အောင်ဆန်းစုကြည်က အာဏာပိုင်တွေကိုတင်ပြခဲ့ရာမှာ ပြီးခဲ့တဲ့ရက်ပိုင်းတွေအတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တွေ့ဆုံမှုအပါအဝင် အမေရိကန်၊ ဗြိတိန်၊ ဩစတေးလျနိုင်ငံက သံတမန်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံခွင့်ရခဲ့ပေမယ့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံခွင့်တောင်းထားတဲ့ကိစ္စ အခုအချိန်အထိ ခွင့်ပြုချက်မရသေးကြောင်း သိရပါတယ်။

## NDAK နအဖ မှာ နည်းပြသင်တန်းတက်

**DVB | အောက်တိုဘာ ၁၉ ॥ ॥** အပစ်အခတ်ရပ်စဲထားတဲ့ ကချင်ဒီမိုကရက်တစ်တပ်မတော် (ကချင်) တပ်ဖွဲ့ဝင် တချို့ဟာ မြန်မာ့တပ်မတော်က ပို့ချတဲ့ နည်းပြသင်တန်းတက်နေပြီလို့ သိရပါတယ်။

ကချင်ဒီမိုကရေစီသစ်တပ်မတော် (ကချင်) က တပ်မှူးငယ် ၁၀ ယောက်ဟာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အခြေစိုက်ရာ မြစ်ကြီးနားမှာ သင်တန်းအတွက် ရောက်ရှိနေတာပါ။ ဒီအဖွဲ့ဟာ စစ်အုပ်စုက တောင်းဆိုတဲ့အတိုင်း နယ်ခြားစောင့်တပ်အသွင် ကူးပြောင်းမယ်လို့ ကနဦးပိုင်းကတည်းက သဘောတူညီခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ အခု ဒီ ၁၀ ယောက်ဟာ သင်တန်းတက်နေပြီး သင်တန်းကာလတလကြာမှာဖြစ်ပြီး သူတို့သင်တန်းပြီးတဲ့အခါ တပ်သားတွေကို ထပ်ဆင့် သင်တန်းပြန်ပေးမှာဖြစ်တယ်လို့ အန်ဒီအေကေ ပြောခွင့်ရသူဟောင်းတဦးလည်းဖြစ်၊ အခုအခါ ကျန်းမာရေးကြောင့် မြစ်ကြီးနားမှာ အနားယူအခြေချနေတဲ့ ဦးငုယင်တောင်ဟောင်း က ပြောပါတယ်။

အန်ဒီအေကေအဖွဲ့ဟာ တပ်ရင်း ၃ ရင်း ဖွဲ့စည်းဖို့ ပြင်ဆင်ထားပြီး ဒီနှစ်မကုန်မီ နယ်ခြားစောင့်တပ်အသွင် ပြောင်းနိုင်လိမ့်မယ်လို့ ယူဆကြောင်း သူကပြောပြပါတယ်။ အန်ဒီအေကေဟာ အပစ်အခတ်ရပ်စဲရေးလုပ်ကတည်းက နိုင်ငံရေးကိစ္စ မဆွေးနွေးဖူးဘဲ အမျိုးသားညီလာခံတက်ရောက်တာပဲ ရှိခဲ့ဖူးတယ်လို့ ဦးငုယင်တောင်ဟောင်းက ပြောပြပါတယ်။ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းပြီးတဲ့အခါ လုပ်လက်စ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အန်ဒီအေကေတပ်ဖွဲ့ဝင်တွေပဲ ဆက်လုပ်သွားမယ်လို့ ဦးငုယင်တောင်ဟောင်းက ပြောပါတယ်။

“ကျနော်တို့ လုပ်နေတာလည်းရှိတယ်၊ လုပ်ဖို့လည်း အများကြီး ကျန်သေးတယ်။ လမ်းဖောက်ဖို့၊ စိုက်ပျိုးရေးတွေလုပ်ဖို့ အများကြီးရှိသေးတယ်။ ဒီအတိုင်းပစ်ထားလို့မရဘူး။ ဒီဒေသခံတွေ ဦးစီးမှပဲ ဖြစ်မယ့်နေရာဖြစ်နေတယ်။”

အန်ဒီအေကေ ထိန်းချုပ်နယ်မြေထဲမှာ တရုတ်နဲ့ဆက်သွယ်ထားတဲ့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းကနေ ကြိမ်နဲ့ငါးရှဉ့်တွေ တင်ပို့နေပါတယ်။

# မြန်မာနိုင်ငံဆိုင်ရာ လူ့ထုအခြေပြုကိုယ်စားလှယ် မခင်ဥမ္မာကို ရွေးချယ်

**RFA | အောက်တိုဘာ ၂၀ ။** ။ ထိုင်းနိုင်ငံ၊ ဟွာဟင်းမြို့မှာ အောက်တိုဘာ လ ၂၃ ရက်နေ့စတင်မယ့် ၃ ရက်ကြာ အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အာဆီယံခေါင်းဆောင်တွေနဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ မျက်မှာချင်းဆိုင်တွေ့ဆုံဆွေးနွေးပွဲအတွက် မြန်မာနိုင်ငံဆိုင်ရာ လူထုအခြေပြု အဖွဲ့အစည်းကိုယ်စားလှယ်အဖြစ် ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသူ မခင်ဥမ္မာကို ရွေးချယ်လိုက်တယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံ၊ ချာအမ်းမြို့မှာ သုံးရက်ကြာကျင်းပခဲ့တဲ့ အာဆီယံလူထုအခြေပြု အဖွဲ့အစည်းတွေရဲ့ညီလာခံကနေ ခုလိုရွေးချယ်လိုက်တာဖြစ်ပြီး ပြည်တွင်းနဲ့ပြည်ပအခြေစိုက် အဖွဲ့အစည်းတွေကြား မြန်မာနိုင်ငံက အခြေခံပြည်သူလူထုကို ကိုယ်စားပြုပြီး မှန်မှန်ကန်ကန်ထုတ်ဖော်ပြောဆိုတင်ပြနိုင်မယ့်သူကို အဓိကထား ရွေးချယ်ခဲ့တာဖြစ်တယ်လို့ မခင်ဥမ္မာကပြောပါတယ်။

"ဒီအစိုးရတွေနဲ့ တွေ့တဲ့ တံခါးပိတ်အစည်းအဝေးတခုတည်းမဟုတ်ဘူး၊ နောက် နိုင်ငံတကာကြားထဲမှာ သတင်းဌာနတွေကြားထဲမှာပါ ကိုယ့်ပြည်သူဖြစ်နေတဲ့ ဘဝအမှန်အကန်ကို ဘယ်သူကပြောပြပေးနိုင်မလဲဆိုတာမျိုးကို တကယ်တမ်းပြောတဲ့အခါကျတော့ တကယ်တမ်းပြောပြပေးနိုင်တဲ့ဥစ္စာက ပြည်ထဲကလာတဲ့လူတွေမှာ အဲဒီလိုပြောပြပေးနိုင်တဲ့ အခြေအနေမရှိဘူး။ ဒါကြောင့်မို့လို့လည်း အခုဒီမှာ ရွေးတဲ့နေရာမှာ ကျမနာမည်ကပြန်ပြီးတော့ ပါတာပါဘဲ။"

ဒီကနေ့ကျင်းပပြီးစီးသွားတဲ့ အာဆီယံလူထုအခြေပြု အဖွဲ့အစည်းတွေရဲ့ ဒီညီလာခံကို မြန်မာနိုင်ငံတွင်းက ကြံ့ခိုင်ဖွံ့ဖြိုးရေး၊ ထောက်လှမ်းရေး စတဲ့ စစ်အစိုးရ ကျောထောက်နောက်ခံပြု အဖွဲ့အစည်းတွေကကိုယ်စားလှယ်တွေ တက်ရောက်ခဲ့သလို ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းနေကြတဲ့ အတိုက်အခံအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။

ဒီညီလာခံကနေ အပြီးသတ်ထုတ်ပြန်မယ့်ကြေညာချက်မှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှု၊ ကလေးစစ်သားအသုံးပြုမှု၊ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွတ်ပေးရေး စတဲ့အချက်တွေနဲ့ပတ်သက်လို့ ထည့်သွင်းဖော်ပြခြင်းမပြုဘို့ မြန်မာစစ်အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့အစည်းတွေဘက်က အပြင်းအထန်ကန့်ကွက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့ သိရပါတယ်။

အာဆီယံ ထိပ်သီးခေါင်းဆောင်တွေနဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့ပထမဆုံးအကြိမ် တဦးချင်း မျက်နှာချင်းဆိုင်ဆွေးနွေးပွဲ အစီအစဉ်ကို ပြီးခဲ့တဲ့ဖေဖော်ဝါရီလကုန်ပိုင်းက ဟွာဟင်းမြို့မှာကျင်းပခဲ့တဲ့ ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ စတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီဆွေးနွေးပွဲမှာ မြန်မာလူထုအဖွဲ့အစည်းကိုယ်စားလှယ် မခင်ဥမ္မာနဲ့ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ် Mr.Pen Somony တို့ကို မတွေ့ဆုံလိုကြောင်း စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟွန်ဆန်တို့က တုန့်ပြန်ပြီး အာဆီယံထိပ်သီးခေါင်းဆောင်တွေနဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေကြား တွေ့ဆုံဆွေးနွေးရေးအစီအစဉ်ကို သပိတ်မှောက်ခဲ့ကြပါတယ်၊

အခု ၁၅ ကြိမ်မြောက်ထိပ်သီးအစည်းအဝေးပွဲမှာလည်း ဗိုလ်ချုပ်ကြီးသိန်းစိန်အနေနဲ့ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်နဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံနိုင်ဖွယ်မရှိဘူးလို့ မခင်ဥမ္မာကပြောပါတယ်။

"ဒီတခေါက်လည်း လက်ခံစရာအကြောင်းတော့ ကျမတော့သိပ်မမြင်ဘူး။ ဒါပေမယ်လို့ တကယ်တမ်းက သူတို့က ကျမတော့အားပေးချင်တာက သူတို့လက်ခံသင့်တယ်။ ဘာဖြစ်လို့လည်းဆိုလို့ရှိရင် ဒါက ဒေသတခုလုံးက လူထုအခြေပြုအဖွဲ့အစည်းတွေက အတူတူပူးပေါင်းပြီးတော့ အာဏာပိုင်တွေကို အစိုးရတွေကို တင်ပြတဲ့ဥစ္စာ ပြည်သူတွေရဲ့အခြေအနေနဲ့ သူတို့ကိုတာဝန်ယူစေချင်တဲ့ကိစ္စတွေ ဖြစ်စေချင်တဲ့ဥစ္စာတွေ၊ အထူးသဖြင့် အာဆီယံ တိုးတက်တယ်ဆိုတာက ပြည်သူလူထုတိုးတက်မှ တိုးတက်တာ။

အာဆီယံဆိုတာက ပြည်သူတွေနဲ့တည်ဆောက်ထားတာ။ ပြည်သူတွေမတိုးတက်လို့ရှိရင် မတိုးတက်ဘူးဆိုတော့ ပြည်သူတွေဘက်က သူတို့ တိုးတက်မှုဖြစ်စေချင်တဲ့ဟာတွေကို တင်ပြတာ။ အဲဒါကို အာဆီယံအစိုးရတွေက ဘာမှလည်းကြောက်စရာမရှိဘူး၊ ထိပ်လန့်စရာအကြောင်းလည်း မရှိဘူး။ သူတို့က တကယ်တမ်းဆိုရင် အဲဒါကို ဝဲလ်ကမ်းလုပ်သင့်တယ်။

ဒါသူတို့ဘက်က လမ်းဖွင့်ပေးသင့်တယ်။ တံခါးဖွင့်ပေးရမယ်။ တံခါးဖွင့်ပေးသင့်တယ်။ ဆိုတော့ အဲဒီလိုမျိုးဘဲ နအဖ အနေနဲ့လည်း ကိုယ့်ပြည်သူတွေဖြစ်နေတဲ့ အနေအထားကို အားလုံးနဲ့အတူတူ ဒေသထဲက ကျန်တဲ့လူတွေနဲ့ပေါင်းပြီးတော့ တင်ပြမယ့်သူတယောက်ကို ဘယ်သူဘဲဖြစ်ဖြစ် သူတို့အနေနဲ့ တံခါးဖွင့်ပေးသင့်တယ်။"

အာဆီယံအဖွဲ့ဟာ မနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ပဋိညာဉ်အရ အာဆီယံဒေသကနေ ပြည်သူတွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားရှိတယ်လို့လည်း လူ့အခွင့်အရေးအဖွဲ့တွေက ထောက်ပြပြောဆိုကြပါတယ်။

---

## သတင်းလွတ်လပ်ခွင့်အဆိုးဆုံး မြန်မာပါဝင်

**DVB | အောက်တိုဘာ ၂၀ ။** ။ မြန်မာနိုင်ငံဟာ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်အခြေအနေ အဆိုးဝါးဆုံး ၅ နိုင်ငံထဲမှာ ပါဝင်နေကြောင်း သတင်းလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့တခုဖြစ်တဲ့ ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းသမားများအဖွဲ့ RSF ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

နယ်စည်းမခြားသတင်းသမားများအဖွဲ့ရဲ့ ဒီနေ့ထုတ်ပြန်ချက် ဇယားထဲမှာ နိုင်ငံပေါင်း ၁၇၅ နိုင်ငံမှာ အဆိုးဝါးဆုံးဖြစ်တဲ့ အက်စ်ရစ်ထရာ၊ မြောက်ကိုရီးယား၊ တာ့ခ်မန်နစ္စတန်နဲ့ အီရန်နိုင်ငံပြီးရင် မြန်မာ့သတင်းလွတ်လပ်ခွင့် အခြေအနေက အဆိုးဝါးဆုံးဖြစ်နေတာပါ။ ပဉ္စမမြောက် သတင်းလွတ်လပ်ခွင့် အနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ရတဲ့အကြောင်းအရင်းကို နယ်စည်းမခြားသတင်းသမားများအဖွဲ့ရဲ့ အာရှရေးရာတာဝန်ခံ ဗင်းဆင့် ဘရော့ဆဲ က ပြောပါတယ်။

"မြန်မာနိုင်ငံကို ပဉ္စမမြောက် အဆိုးဝါးဆုံးလို့သတ်မှတ်စရာအကြောင်းတွေ အတော်များများရှိနေပါတယ်။ ပထမတခုက မြန်မာစစ်အစိုးရဟာ ကြိုတင်ဆင်ဆာခွင့်ပြုချက် တင်ရတဲ့စနစ်ကို ဆက်လက်အသုံးပြုနေပြီး သတင်းစာစောင်တွေအပေါ် စည်းကမ်းတင်းကျပ်တာတွေ၊ စောင့်ကြည့်နေတာတွေရှိပါတယ်။ နောက်တချက်က ပြီးခဲ့တဲ့နှစ် စက်တင်ဘာ၊ အောက်တိုဘာ ကတည်းက စာနယ်ဇင်းသမားတွေကို အီလက်ထရွန်းနစ်ပုဒ်မနဲ့ ဖမ်းဆီးထောင်ချမှုတွေ ပြုလုပ်ပြီး နှစ်ရှည် ထောင်ဒဏ်ချမှတ်ခဲ့တာတွေ၊ နိုင်ငံတကာ သတင်းထောက်တွေကို ပြည်ဝင်ခွင့် ဗီဇာမပေးတာတွေပေါ့"။

RSF ရဲ့ လွန်ခဲ့တဲ့နှစ်က စာရင်းမှာ မြန်မာဟာ စတုတ္ထမြောက် အဆိုးဝါးဆုံးနိုင်ငံအဆင့်မှာရှိခဲ့ပေမယ့် ဒီနှစ်မှာ ပဉ္စမအဆင့်ဖြစ်လာတာဟာ မြန်မာနိုင်ငံမှာအခြေအနေတိုးတက်လာတာမဟုတ်ပဲ အီရန်က မြန်မာပြည်မှာထက် အခြေအနေ ပိုမိုဆိုးဝါးလာလို့ အဆင့်အပြောင်းအလဲ ဖြစ်ရတာလို့ဆိုပါတယ်။ လောလောဆယ် စာနယ်ဇင်းတွေမှာ လာမယ့်နှစ်ရွေးကောက်ပွဲအတွက် ထောက်ခံရေးသားနေတဲ့ စာစောင်တွေ ဖော်ပြခွင့်ရနေပေမယ့် ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့အမြင်တွေ ဖော်ပြခွင့်မရှိတာ၊ ရွေးကောက်ပွဲ မတိုင်မီကတည်းက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေဖန်တီးထားခြင်း မရှိတာတွေကိုလည်း ပြစ်တင်ဝေဖန်ထားပါတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့် ဇယားရဲ့ထိပ်ဆုံးမှာ စကင် ဒီနေးဗီးယန်းနိုင်ငံတွေ ဖြစ်တဲ့ ဒိန်းမတ်က ထိပ်ဆုံးအဆင့်နဲ့အဲဒီနောက်မှာ ဖင်လန်၊ အိုင်ယာလန်၊ နော်ဝေနဲ့ ဆွီဒင်နိုင်ငံတွေကို ဖော်ပြထားပါတယ်။

# ကိုမင်းကိုနိုင် ၄၇ နှစ်မြောက်မွေးနေ့မှာ ကိုယ်တိုင်ရေးဝတ္ထုစာအုပ်ဖြန့်ချိ

**DVB | အောက်တိုဘာ ၁၉ ။ ။** နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားများခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ၄၇ နှစ်မြောက်မွေးနေ့နဲ့ သူရဲ့ ပထမဦးဆုံးဝတ္ထုစာအုပ်ဖြန့်ချိတဲ့ အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့မှာ ကျင်းပခဲ့ပါတယ်။

မွေးနေ့အခမ်းအနားနဲ့ ပတ်သက်ပြီး ကိုမင်းကိုနိုင်ရဲ့ လုပ်ဖော်ကိုင်ဖက်တဦးဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းက တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က အခုလို ရှင်းပြပါတယ်။

"ကိုမင်းကိုနိုင်က သူ့ဘဝကြီးရဲ့နှစ်ပေါင်း ၂၀ ကျော်လောက်မှာ သူကိုယ်တိုင်မွေးနေ့ပွဲကို ကျင်းပခဲ့ဘူးတာ ၂၀၀၆ ခုနှစ် လောက်က တကြိမ်ဖြစ်ပါတယ်။ မွေးနေ့ကျင်းပတဲ့ ရည်ရွယ်ချက်က သူ့ရဲ့ စွန့်လွှတ်စွန့်စားမှုတွေကို ဂုဏ်ပြုချင်တယ်။ ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားတွေဖြစ်ကြတဲ့ ကိုဌေးကြွယ်၊ ကိုမင်းဇေယျာ၊ ကိုလှမျိုးနောင်၊ ကိုကိုကြီးတို့ကိုလည်း ဂုဏ်ပြုချင်တယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေရဲ့ မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍမှာ အရေးပါမှုကို အသိအမှတ်ပြုတာလည်း ဖြစ်ပါတယ်။"

ကိုမင်းကိုနိုင်ရဲ့မွေးနေ့ကျင်းပတာနဲ့အတူ ကိုမင်းကိုနိုင်ရဲ့ ပထမဦးဆုံး ဝတ္ထုစာအုပ်ဖြစ်တဲ့ "နောက်ကြည့်မှန်" ဆိုတဲ့ ဝတ္ထုစာအုပ်ကိုလည်း ဒီကနေ့မှာ ဖြန့်ချိခဲ့တာပါ။ နောက်ကြည့်မှန်ဆိုတဲ့ ဝတ္ထုစာအုပ်က ၁၉၈၈ ခုနှစ် အတွင်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်ပျက်များကိုရေးဖွဲ့ခဲ့တာပါ။ ကိုမင်းကိုနိုင်ရဲ့ နောက်ကြည့်မှန်ဆိုတဲ့ ဝတ္ထုစာအုပ်နဲ့ပတ်သက်ပြီး ဝတ္ထုစာအုပ်ကိုဖတ်ခဲ့ဖူးတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုနှင်းခါးမိုးက ခုလိုခံစားပြောဆိုသွားပါတယ်။

"ဒီဝတ္ထုက အချစ်ဝတ္ထုလို့လည်း ပြောနိုင်တာပေါ့။ လူငယ် ကောင်မလေးတယောက်နဲ့ ကောင်လေးတယောက်ရဲ့ တွေ့ကြုံ ဆုံကွဲ ဇာတ်လမ်းလေးကို ရေးထားတာပါ။ ထူးခြားတာက ကောင်လေးနဲ့ ကောင်မလေးတို့နှစ်ယောက် ဖြတ်သန်းရတဲ့ ခေတ်၊ ဒီဝတ္ထုရဲ့ နောက်ခံဖြစ်တဲ့ ခေတ်က ရှစ်လေးလုံး အရေးတော်ပုံကြီးကို နောက်ခံထားပြီးတော့ အချစ် ဇာတ်လမ်းလေးကို ရေးထားတာပါ။"

ကိုမင်းကိုနိုင်ဟာ နအဖ စစ်အုပ်စုကချေမှုန်းထားတဲ့ "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်"ကို ပြန်လည်ဦးဆောင်တည်ထောင်ခဲ့ပါတယ်။ ၁၉၈၈ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ကိုမင်းကိုနိုင်ကို ဗကသ များအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါတယ်။ ၁၉၈၉ မှ ၂၀၀၄ ခုနှစ် အထိ ၁၅ နှစ်ကြာ အကျဉ်းထောင်တွေထဲမှာနေခဲ့ရပါတယ်။ ကိုမင်းကိုနိုင်ရဲ့ ရဲရင့်တဲ့ စိတ်ဓာတ်ဟာ ထောင်အာဏာပိုင်တွေအတွက် လေးစားလောက်တဲ့အထိ ဖြစ်ခဲ့ရတယ်လို့ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားလည်းဖြစ် အန်အယ်လ်ဒီလွှတ်မြောက်နယ်မြေ က ကိုမြင့်စိုးက အမှတ်တရအခုလို ပြောဆိုသွားပါတယ်။

"ထောင်ပိုင်ကြီးက တိုက်တွေ အဆောင်တွေကို လျှောက်လှည့်ကြည့်ရတဲ့အခါမျိုးတွေမှာ ကိုမင်းကိုနိုင်ရဲ့အခန်းရှေ့ကိုရောက်တော့ ကိုမင်းကိုနိုင် တရားထိုင်နေတာကို အမြဲတမ်း သူတွေ့ရတယ်တဲ့၊ တည်ငြိမ်ပြီးတော့ မျက်နှာကလည်း အလွန်တရာကို ကြည်လင်အေးချမ်းနေတာကိုတွေ့ရပြီး ကိုမင်းကိုနိုင်ကို တော်တော်လေးစားမိတယ်တဲ့။ သရက်ထောင်မှာရှိတုန်းက စစ်တွေထောင်က နေပြောင်းလာတဲ့ထောင်ပိုင်ကြီးက ပြောတဲ့စကားပါ။"

ကိုမင်းကိုနိုင်ဟာ အကျဉ်းထောင်က ထွက်ပြီးကတည်းက ပြည်သူလူထုအကြား နိုင်ငံရေးနိုးကြားအောင် နည်းမျိုးစုံနဲ့ကြိုးစားခဲ့ရာ စစ်အုပ်စုက ဓာတ်ဆီဈေးမြှင့်တင်ခဲ့တဲ့အတွက် လမ်းလျှောက်ကန့်ကွက်ခဲ့ရာ ဩဂုတ်လ ၁၉ ရက်နေ့ ၂၀၀၇ ခုနှစ်မှာ အဖမ်းခံခဲ့ရပြီး၊ မတရားသဖြင့် ထောင်ဒဏ် ၆၅ နှစ်နဲ့ ၆ လ အချခံထားရပါတယ်။

# ပြည်တွင်းသတင်းစာတွင် ဒီမိုကရေစီအင်အားစု အမြင်သဘောထား ဖော်ပြခွင့်ရ

**DVB | အောက်တိုဘာ ၁၉ ။ ။** လွန်ခဲ့တဲ့သတင်းပတ်အနည်းငယ်က ပြည်တွင်းမီဒီယာအချို့မှာ အတိုက်အခံဒီမိုကရေစီအင်အားစုတွေရဲ့အမြင်သဘောထားတွေကို နအဖ အနေနဲ့ လက်ခံနိုင်လောက်တဲ့ ပြောဆိုရေးသားမှုအနေအထားတွေနဲ့ ဖော်ပြခွင့်ရရှိခဲ့ပါတယ်။

ဒီလိုသဘောထားအမြင်တွေ ဖော်ပြခွင့်ရရှိခဲ့တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

"သူတို့က ကျနော်ရုံးခန်းလာပြီးတော့ လာတွေ့ကြတယ်၊ သူတို့ မေးချင်တာတွေ မေးပါတယ်၊ မေးပြီးတော့ ရက်ကော့လည်း လုပ်ထားပါတယ်၊ ပြောနိုင်တဲ့ဟာတော့ ပြောပါတယ်၊ သူတို့လာတွေ့ပြီးတော့ ပါဖို့အမြဲတမ်းကြိုးစားတယ်ပေါ့။ ပါစ့ုဖြစ်တဲ့အခါ ဖြစ်သွားပုံရတယ်။ ကျနော်တို့ ဆီမှာက ဆင်ဆာဆိုတာကြီးကရှိနေတာကိုး၊ ရေးတဲ့လူ၊ သတင်းထည့်တဲ့လူ ဥပဒေချိုးဖောက်ရင် ချိုးဖောက်တာခံရမှာပေါ့။ ဆင်ဆာကြီးလုပ်နေတာက ထိမ်းဖို့ထက်ကို ဖိနှိပ်တဲ့ ကရိယာလိုဖြစ်နေတယ်၊ အမှန်က မရှိသင့်ဘူး။"

ဒါအပြင် အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို တရားမျှတပြီး လွတ်လပ်မှုရှိတဲ့ ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်ချင်စိတ်ရှိရင် အများကြီးလုပ်ပြရဦးမှာဖြစ်သလို လတ်တလော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခြေအနေတွေကိုလည်း ဦးဉာဏ်ဝင်းက ဆက်ပြောပါတယ်။

"ဆင်ဆာမရှိတဲ့ စည်းရုံးလှုပ်ရှားခွင့် ရှိမှသာ တရားမျှတမှာပေါ့။ အစိုးရသတင်းစာချည်းပဲ အပြင်သတင်းစာ တစောင်မှမရှိဘူး၊ အန်အယ်ဒီ ရွေးကောက်ပွဲဝင်တာ မဝင်တာထက် တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့က အဓိကပိုကျပါတယ်။ ဒီလိုဖြစ်ဖို့ တရားမျှတစွာယှဉ်ပြိုင်နိုင်ဖို့ ကမ်ပိန်းလုပ်နိုင်ဖို့နဲ့စည်းရုံးလှုပ်ရှားနိုင်ဖို့ လိုတယ်။ အန်အယ်ဒီဆိုရင် ရန်ကုန်ရုံးချုပ်ကလွဲပြီး ကျန်တဲ့ရုံးအားလုံးကို ပိတ်ထားတယ်။ ဒီလို အခြေအနေမှာ ဒီရွေးကောက်ပွဲကတော့ ဒီမိုကရေစီရဲ့ ပရောစက်တခု လို့ မပြောနိုင်ဘူး။"

ပြည်တွင်းမီဒီယာတွေမှာ အတိုက်အခံဒီမိုကရေစီအင်အားစုတွေရဲ့ အမြင်သဘောထားတွေကို ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ဖော်ပြခွင့်ရတဲ့အပေါ် ဝါရင့်သတင်းစာဆရာတဦးလည်းဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်က ကြိုဆိုလိုက်ပြီး ဒီထက်ပိုသင့်တယ် လို့ အခုလိုပြောပါတယ်။

"သတင်းစာသမားတယောက်အနေနဲ့ သို့မဟုတ် နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေတဲ့သူတယောက်အနေနဲ့ပြောရရင်တော့ ဒီလိုဟာမျိုးတွေ ရှိသင့်တာကြာလှပါပြီ။ ကျနော်တို့ရဲ့ အိုပင်နီးယန်တွေလည်း နားထောင်ရမှာပေါ့။ နိုင်ငံခြား မီဒီယာတွေ၊ အသံလွှင့်ဌာနတွေ ဒီဗွီဘီ အပါအဝင်ပေါ့ အကုန်လုံးနဲ့ ပြောနေတာတွေကို စစ်အုပ်စုအနေနဲ့ကတော့ နားထောင်မှတ်သားစောင့်ကြည့်နေမှာပဲ။ လူတိုင်းကနားမထောင်နိုင်ဘူး၊ ရေဒီယိုမရှိဘူး။ သတင်းစာတို့မှာ ပါတဲ့အခါကျတော့ လူတွေက ထပ်ပြန်တလဲလဲ ပြန်ဖတ်နိုင်တယ်။ အမှန်အတိုင်း ပြောရရင် သဘောကျတယ်၊ လုပ်ဖို့လည်းကောင်းတယ်၊ ဘယ်လို စေတနာနဲ့ပဲလုပ်လုပ်ပေါ့။ ဘယ်လောက်အတိုင်းအတာ၊ အဆင့်အတန်းဆိုတာကတော့ ရှိနေအုံးမှာပဲ၊ ချက်ချင်းအများကြီး လုပ်လို့မရဘူး။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင်ကတည်းက စတင်ပြီး တရားဝင်ပုံနှိပ်ထုတ်ဝေခွင့် ပိတ်ပင်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးဆိုရာဝယ် အပိုင်း–၅

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

အခု အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့အပွင့်ကိုလည်း သူပွင့်ရမယ့်အချိန်လည်းမဟုတ် အခြေအနေလည်းမဟုတ်ဘဲ သွားပွင့်ခိုင်း၍မရပါ။ ဘယ်လိုမှပွင့်မှာမဟုတ်ပါ။ ပွင့်မှာမဟုတ်ဘဲ စစ်အာဏာရှင်တွေအတွက် လက်နက်တခုသွားရောက်တပ်ဆင်ပေးသလိုဘဲ ဖြစ်လာပါလိမ့်မယ်။

တကယ်လို့ အချိန်တခုမှာ triggering event တခုဖြစ်ပွားလာတဲ့အခါ ကြားဖြတ်အစိုးရဖွဲ့စည်းရေးအထိ ဦးတည်နိုင်တဲ့အခြေအနေတခုဖြစ်လာခဲ့ရင် အာဏာရှင်တွေက ဒိုင်ယာလော့ခ်လိုဘဲ ဒီစကားလုံးကိုပြန်အသုံးချလာမှာ အသေအချာပါဘဲ။ ဒီအခါကျရင် ဒိုင်ယာလော့ခ်ထက်ပိုပြီး အဆမတန်ကြီးမားတဲ့ ထောင်ချောက်ကြီးတခုကို အာဏာရှင်တွေဘက်က ဆင်လို့ရနိုင်မယ့်အခွင့်အလမ်းတွေ အများကြီးရလာမှာဖြစ်ပါတယ်။

စစ်ရေးလေ့လာသူတယောက်အနေနဲ့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ စကားလုံးကြီးကိုအသုံးပြုပြီး ဘယ်လိုကြီးမားတဲ့ထောင်ချောက်ကြီးကို ဘယ်နည်းဘယ်ပုံနဲ့ ဆင်လို့ရနိုင်သလဲဆိုတာကို တွေ့မြင်နေရပါတယ်။ ပြည်သလူထုအကျိုးစီးပွားကိုဘဲ ထာဝရရပ်တည်ဘို့ရည်သန်တာကြောင့် အာဏာရှင်ကို အားပေးကူညီမှုဖြစ်သွားစေနိုင်တဲ့အတွက် ဒီနည်းလမ်းတွေကို အသေးစိတ်ဆက်မရေးလိုပါ။ ဒါပေမယ့် တဘက်ရန်သူကို ဘယ်တော့မှလျှော့မတွက်ဘို့နဲ့ ရှေ့မှာထောင်ချောက်ကြီးတခု ရှိလာနိုင်တယ်ဆိုတာကိုတော့ ကြိုတင်အသိပေးတင်ပြလိုပါတယ်။

အခုလို အခြေအနေအချိန်အခါနဲ့ မကိုက်ညီတဲ့ အမျိုးသားရင်ကြားစေ့ရေးအဆိုပြုချက်ကြီးထွက်ပေါ်လာမှုမှာပါဝင်ကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းများအနေနဲ့ ပါဝင်ရတဲ့အကြောင်းရင်း သုံးမျိုးရှိမယ်လို့ယူဆရပါတယ်။ ပထမတချက်ကတော့ အခြေအနေ အချိန်အခါနဲ့ သဘောတရားကိုနားမလည်မှုဖြစ်ပါတယ်။ နောက်တမျိုးကတော့ ၂၀၁၀ ရွေးကောက်ပွဲမှာပေါ်ထွက်လာတဲ့ အစိုးရနဲ့ လက်ရှိမှာ အပစ်အခတ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေအကြားမှာ ဒိုင်ယာလော့ခ်များဖြစ်လာခဲ့ရင် ကိုယ်မပါလိုက်ရမှာစိုးလို့ ကြိုတင်ပြင်ဆင်ထားတဲ့ နိုင်ငံရေးအခင်းအကျင်းလည်းဖြစ်နိုင်ပါတယ်။

ဒီလိုဆိုရင်တော့ ဒါဟာ ပြည်သူလူထုကို သစ္စာဖောက်တာဘဲဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်မှန်တဲ့အမျိုးသားရင်ကြားစေ့ရေးကို ဘယ်လိုမှဆောင်ကျဉ်းနိုင်မှာမဟုတ်တဲ့အတွက် ဒီဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေတည်ပြီးပေါ်ထွက်လာတဲ့ အစိုးရဆိုတာကလည်း အာဏာရှင်ရုပ်သေအစိုးရဘဲဖြစ်ပါလိမ့်မယ်။ ရုပ်သေအစိုးရနဲ့ ပြည်သူလူထုအကျိုးစီးပွားကို ဆောက်ကျဉ်းပေးနိုင်မယ့် တိုင်းပြည်နိုင်ငံကို တည်ဆောက်လို့မရပါ။ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကိုဆိုရင် ပိုဆိုးပါတယ်။ ဘယ်လိုမှစစ်မှန်တဲ့ ရေရှည်ခံငြိမ်းချမ်းရေး တန်းတူညီမျှရေးကို တည်ဆောက်လို့ရမှာ မဟုတ်ပါ။

နောက်ဆုံးဖြစ်နိုင်ချေတခုကတော့ အကယ်၍ နအဖ စစ်အုပ်စုဘက်က လမ်းပြမြေပုံကိုအဆုံးသတ်ပြီး ပဋိပက္ခကိုအနိုင်နဲ့ ပိုင်းဖြတ်ပြစ်ခဲ့ရင် နိုင်ငံတကာမိသားစုများက ဒီပဋိပက္ခဆုံးသွားပြီလို့ သတ်မှတ်လာမှာကို စိုးရိမ်မှုပါ။ ဒီလိုသတ်မှတ်ချက်မှာကလည်း ဘဏ္ဍာရေးရာထောက်ပံ့မှုတွေနဲ့ ပတ်သက်နေတာကြောင့် ဆက်လက်ရပ်တည်မှုအတွက် လိုအပ်ချက်ဖြစ်နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့် စစ်အုပ်စုဟာ အမျိုးသားရင်ကြားစေ့ရေး လုပ်လိုခြင်းမရှိပါဘူး။ အတိုက်အခံတွေဘက်က ကမ်းလှမ်းအဆိုပြုချက်ကို လက်မခံပါဘူးဆိုတဲ့ သဏ္ဍာန်ကို နိုင်ငံတကာမိသားစုများက ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ထောင်ချောက်ဆင်မှုတခုလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကိုဆင်မယ့်ထောင်ချောက်ထဲ ကိုယ်ပြန်မကျသွားအောင် ဘယ်လိုဘယ်ပုံနဲ့ တားဆီးမလဲ၊ ရန်သူကပြန်ဆင်လိုက်မယ့် ထောင်ချောက်ကြီးထဲကျမသွားအောင် ဘယ်လိုပြင်ဆင်ကာကွယ်မလဲဆိုတဲ့ လုပ်ငန်းစဉ်တွေ ဆက်ရှိနေဘို့လိုအပ်ပါတယ်။ ဆင်နင်းမြင်းကန်ဘဝ မရောက်သွားအောင် အရံအတားတွေ လုပ်ဘို့လိုအပ်ပါတယ်။

ဒီလိုဖြစ်နိုင်ချေသုံးရပ်မှာ စစ်မှန်တဲ့နိုင်ငံရေးသမား၊ နိုင်ငံရေးအဖွဲ့အစည်းတွေလို့ ယူဆတာကြောင့် ပြည်သူလူထုရဲ့ဆန္ဒကိုဘဲ ကိုယ်စားပြုပြီး ပြည်သူလူထုအကျိုးဆိုတဲ့နှောင်ကြိုးရဲ့ ကြိုးဆွဲမှုကိုဘဲ ခံယူလိမ့်မယ်လို့ဘဲမျှော်လင့်မိပါတယ်။ ပြည်သူလူထုကို သစ္စာဖောက်တဲ့လုပ်ရပ်ဖြစ်တဲ့ ရွေးကောက်ပွဲအပြီး နိုင်ငံရေးအခြေအနေမှာ အာဏာ ပါဝါ မရမှာဆိုးလို့ ကြိုတင်ခင်းကျင်းထားတဲ့ နိုင်ငံရေးအခင်းအကျင်းလို့တော့ မသတ်မှတ်လိုပါ။

စကားလုံးရဲ့အခြေခံသဘောတရားနဲ့ စကားလုံးအသုံးပြုသင့်တဲ့ အချိန်အခါကို သဘောပေါက်မှုအားနည်းတာ သို့မဟုတ် ကွဲပြားစွာနားလည်သဘောပေါက်တာလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုကွဲပြားစွာ သဘောပေါက်တာဆိုရင်တော့ ဒီအချိန်အခါ၊ အခြေအနေဟာ ဘာကြောင့် အမျိုးသားရင်ကြားစေ့ရေးအဆိုပြုချက်ကို ကမ်းလှမ်းဘို့ သင့်လျော်ရလည်းဆိုတဲ့အချက်နဲ့ ဒီလိုကမ်းလှမ်းချက်ပြုလုပ်ဘို့ သင့်လျော်တဲ့အချိန်ဖြစ်ခဲ့တဲ့ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကာလက နှစ်ဦးနှစ်ဘက်လုံး stale-mate ဖြစ်နေတဲ့ကာလမှာ ဘာကြောင့် မကမ်းလှမ်းခဲ့သလဲဆိုတဲ့အချက်ကို ပြည်သူလူထုနဲ့ရဲဘော်ရဲဘက်တွေကို ရှင်းလင်းတင်ပြဘို့ လိုအပ်လှပါတယ်။

တတိယဖြစ်နိုင်ချေဖြစ်တဲ့ ဘဏ္ဍာရေးဆိုင်ရာနဲ့ပတ်သက်နေခဲ့ရင်လည်း လူအများကိုပွင့်ပွင့်လင်းလင်းရှင်းပြဘို့ လိုအပ်ပါတယ်။ ဒီလို transparency နဲ့ honesty မရှိဘဲ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ဦးဆောင်နိုင်မယ့် နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းများအနေနဲ့ လူထုက အသိအမှတ်ပြုပေးလာမှာမဟုတ်ပါ။ ပြည်တွင်းပြည်ပ မြန်မာပြည်သူလူထုရဲ့ အသိအမှတ်ပြုမှု၊ လက်ခံမှုမရှိဘဲနဲ့လည်း နိုင်ငံရေးဦးဆောင်အဖွဲ့များအမည်ခံပြီး ထင်ရာစိုင်းလို့ရမှာမဟုတ်ပါ။

အစိုးရဆိုတာ ပြည်တွင်းရေးရွေးကောက်ပွဲအနိုင်ရပါတီက ဦးဆောင်ဖွဲ့စည်းမှ အများကိုကိုယ်စားပြုတဲ့ အစိုးရဖြစ်မှာဖြစ်ပါတယ်။ မဲအနိုင်ရသူအချို့ကဘဲ လွတ်မြောက်နယ်မြေမှာ ဦးဆောင်ဖွဲ့စည်းတာကတော့ စင်ပြိုင်အစိုးရဘဲဖြစ်ပါတယ်။ ဒါကြောင့် စင်ပြိုင်အစိုးရကို ပြည်သူလူထုအားလုံးကို ကိုယ်စားပြုတဲ့အစိုးရလို့ မသတ်မှတ်နိုင်သလို မြန်မာ့နိုင်ငံရေးဦးဆောင်အစိုးရလို့လည်း အများကလက်ခံထားမှာမဟုတ်ပါ။

နိုင်ငံတကာစစ်မျက်နှာမှာ အဖွဲ့အစည်းဆိုတာထက်ပိုပြီး ပြယုဂ်ကောင်းတဲ့အစုအဖွဲ့လေးတခုသာဖြစ်ပါတယ်။ တခြား သမိုင်းအစဉ်အလာကြီးမားတဲ့ အဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားတဲ့ ကောင်စီတွေ၊ အဖွဲ့ချုပ်တွေ၊ ဆိုတာကလည်း နိုင်ငံရေးအင်အားစုကြီးများသာ ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးကံကြမ္မာကို အလုံးစုံဆုံးဖြတ်လုပ်ပိုင်ခွင့်ကို လူထုတရပ်လုံးကလွှဲအပ်ထားတဲ့ အကြွင်းမဲ့နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းများ မဟုတ်ပါ။

မြန်မာ့နိုင်ငံရေးတလျှောက်မှာ ဂျပန်ခေတ်ကာလတခုတည်းမှာဘဲ ဒီလိုဦးဆောင်အဖွဲ့အစည်းမျိုး ပေါ်ပေါက်ခဲ့ဘူးတာဖြစ်ပါတယ်။ ပိုမိုသိသာထင်ရှားတဲ့အချက်ကတော့ အခုအချိန်မှာ အသက် ၃၈ နှစ်အောက် လူအများဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ မဲပေးခဲ့သူများမဟုတ်သလို အသက် ၃၅ နှစ်အောက် လူအများဟာလည်း ရှစ်လေးလုံးမှာတက်တက်ကြွကြွ ပါဝင်ခဲ့သူများမဟုတ်ပါ။

ဒါကြောင့် မြန်မာ့နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းအဖြစ် နေရာယူမှုပြုလုပ်မယ်ဆိုရင် ဒီအသက်အရွယ်အပိုင်းအခြားမှာရှိနေတဲ့လူတွေရဲ့ ယုံကြည်လေးစားမှုနဲ့ ထောက်ခံမှုဟာ မလွဲမသွေလိုအပ်ပါတယ်။ လက်ရှိအမတ်များနဲ့ ခေါင်းဆောင်များဟာ ဒီအသက်အရွယ်အပိုင်းအခြား လူငယ် လူလတ်ပိုင်းက ရွေးချယ်တင်မြှောက်ထားသူတွေ မဟုတ်ပါဘူး။ ဒါကြောင့် မကြာခင်မှာကျင်းပတော့မယ့် ဂျာကာတာကွန်ဖရင့်အပြီးမှာ ပြည်သူလူထုကို ပန်ကြားချက်တွေ၊ အခြေအနေရှင်းလင်းတင်ပြမှုတွေ ပြုလုပ်ရမှာဘဲဖြစ်ပါတယ်။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# ဒေါ်စုလွတ်မြောက်ရေး အင်္ဂါနေ့တိုင်း ဆုတောင်းပွဲများ ဆက်လက်ပြုလုပ်

**DVB | အောက်တိုဘာ ၂၀ ။ ။** မန္တလေးတိုင်း မိတ္ထီလာ–ဝမ်းတွင်း၊ မကွေးတိုင်း– ရေနံချောင်း၊ ပဲခူးတိုင်းအတွင်းက ပဲခူးနဲ့ ဇီးကုန်း၊ ရန်ကုန်တိုင်းအတွင်းက မြို့နယ်တချို့က အဖွဲ့ချုပ်ဝင်တွေဟာ နေအိမ်အကျယ်ချုပ်ချထားတဲ့ သူ့တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦး တို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းတာတွေကို ဆက်လက်ပြုလုပ်နေကြဆဲ ဖြစ်ပါတယ်။

ပဲခူးမြို့က ဒေါ်ခင်ညွန့်မှူ ဦးဆောင်တဲ့ အဖွဲ့ချုပ်ဝင်တချို့က အရင်ပတ်တွေကအတိုင်း ရွှေမော်ဓောစေတီ အင်္ဂါထောင့်မှာ ဆုတောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က တာဝန်ကျ ခရိုင်ရဲတဦးက ဒေါ်အောင်ဆန်းစုကြည် လွတ်လာရင်ရော ဆုတောင်းတာတွေ ဆက်လုပ်ကြအုန်းမှာလားလို့ မေးသွားတယ်လို့ဆိုပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာရင်ရော အမကြီးတို့ ဆုတောင်းကြအုံးမှာလားတဲ့။ ကျမတို့အံ့သြသွားတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာလည်း ထောင်ထဲမှာ ကျန်ခဲ့တဲ့ ဒုက္ခခံနေရတဲ့သူတွေ အများကြီးရှိသေးတယ်လို့ သူတို့အတွက် ဆက်လက်ဆုတောင်းပေးသွား မယ်လို့ပြောလိုက်တယ်။ သူပြောသလို ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရင်တော့ အကောင်းဆုံးပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ကို တရက်ထောင်ချထားရင် ပြည်သူတွေအတွက် တရက်နစ်နာတာပဲ။"

ဉသာမြို့သစ်ရပ်ကွက်ကြီး ၁ က အဖွဲ့ချုပ်ဝင်တွေက ရွှေတောင်ဘို မဟေလိစေတီမှာ ဆုတောင်းခဲ့ကြပါတယ်။ အလားတူ မကွေးတိုင်း ရေနံချောင်းမြို့က အဖွဲ့ချုပ်ဝင် အမျိုးသမီးတချို့က နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ရည်ရွယ်တဲ့ လှုပ်ရှားမှုတွေ ဆက်လက်ပြုလုပ်နေတဲ့အကြောင်း မြို့နယ်အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စောဌေးက ပြောပါတယ်။သသ

"အင်္ဂါနေ့တိုင်း ဆွမ်းလောင်းလို့ရတဲ့အခါ လောင်းတယ်။ မရရင် ဆွမ်းချိုင့်ပို့တယ်။ ဒါမှမဟုတ် အဖြူရောင်ဝတ်စုံ ဝတ်ပြီး မြို့ထဲကိုသွားတယ်။ အခုတော့ ကထိန်တွေသွားရတယ်။ အန်တီတို့က အမြဲတမ်း ဒေါ်အောင်ဆန်းစုကြည်ရင်ထိုးချိတ်တယ်။ အဖြူရောင် ဝတ်စုံဝတ်တယ်။ နော်အုန်းလှပေးခဲ့တဲ့ သင်္ကန်းရောင်ဆံညှပ်၊ ကလစ်၊ ခေါင်းစည်းတို့ ပန်ဆင်တယ်။ ကျမတို့ မိတ်ဆွေ နော်အုန်းလှဟာသူယုံကြည်ရာ၊ သူလုပ်ဆောင်ခဲ့တာတွေဟာ အကျဉ်းသားလွတ်မြောက်ရေးအတွက် လုပ်တဲ့အတွက်ကြောင့် ဂုဏ်လည်း ယူတယ်၊ အဲဒီအတွက် အန်တီတို့က သူပေးခဲ့ ပစ္စည်းတွေနဲ့ပန်ဆင်ပြီး ဆက်လက် တိုက်ပွဲဝင်နေပါတယ်။ "

မိတ္ထီလာမြို့က ဒေါ်မြင့်မြင့်အေးနဲ့အဖွဲ့ချုပ်ဝင် တချို့က မြို့လည်က နဂါးရုံရှိ ဗောဓိစေတီတော်မြတ်ထံ သွားရောက်ဆုတောင်းခဲ့ပါတယ်။ ဒီလိုဆုတောင်း သွားတိုင်း နယ်မြေခံအာဏာပိုင်တွေက မှတ်တမ်းတင်ဓါတ်ပုံရိုက်ယူတဲ့အပြင် သွားလာလှုပ်ရှားမှုအားလုံးကို မျက်ခြေမပြတ်စောင့်ကြည့်နေတာနဲ့ပတ်သက်ပြီး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"အဖွဲ့တွေက ၄၊ ၅၊ ၆ ဖွဲ့လောက် ဆုံပြီး အသဲအသန် ဘယ်ဘုရားသွားတယ်၊ ဘာလုပ်တယ်၊ အပျောက်မခံဘူး။ ဆေးခန်းကို ကျမ ဒူးနာလို့ သွားတာကို ဘာဖြစ်လို့လဲ မေးတယ်။ ဘာများလုပ်လိုက်မလဲပေ့ါ။ ကျမတို့က ရိုးရိုးသားသား လုပ်လည်း သူတို့က အိမ်ရှေ့မှာ အစောင့်ချထားပြီးတော့ ဒေါ်မြင့်မြင့်အေး ထွက်တာ ဝင်တာ မြင်သလားပေ့ါ။ သူတို့ရဲ့ အာဏာတည်မြဲရေးအတွက် ခိုင်းထားမှာပဲ။ ကျမကို မသွားပါနဲ့လို့ပြောတယ်။ သွားရင် တခုခု ဖြစ်တော့မလို့ပဲ။ အချိန်မလပ် စောင့်ကြည့်နေတဲ့ကြားထဲက လုပ်စရာရှိတာ လုပ်နေရတာပေ့ါ။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ဖြစ်တဲ့ အင်္ဂါနေ့တိုင်း ဆုတောင်းတာတွေကို ၂၀၀၃ခုနှစ် ဒီပဲယင်းလုပ်ကြံမှုအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ ထိန်းသိမ်းခံရပြီးချိန် ကစပြီး ပြုလုပ်လာခဲ့တာ ဖြစ်ပါတယ်။ နော်အုန်းလှအပါအဝင် ရန်ကုန်မြို့က အမျိုးသမီး ၄ ဦးကို အင်းစိန်ထောင်ထဲမှာ ဖမ်းဆီးထားပါတယ်။

# ကလေးစစ်သား အဓမ္မစုဆောင်းမှု ပဲခူးတိုင်းတွင် ပိုမိုများပြား

**DVB | အောက်တိုဘာ ၁၉ ။ ။** ပဲခူးတိုင်းမှာ အသက်မပြည့်သေးတဲ့ ကလေးတွေနဲ့ ကျောင်းတက်နေဆဲ ကျောင်းသားတွေကို တပ်သားတွေက တိတ်တဆိတ်ဆွဲခေါ်ပြီး တပ်ထဲပို့ဆောင်နေလို့ မိဘတွေ ဒုက္ခရောက်နေကြပါတယ်။

ဒီလ ၉ ရက်နေ့က ဒိုက်ဦးမြို့နယ် ပဂိုင်ကျေးရွာက ဦးမြင့်ဝင်း၊ ဒေါ်မွှေးတို့ရဲ့သား ၇ တန်းကျောင်းသား မောင်သန်းထိုက်အောင်ဟာ မိခင်နဲ့အတူ ဒိုက်ဦးဈေးလိုက်သွားစဉ် ပျောက်သွားခဲ့ပါတယ်၊ ပျောက်တဲ့နေ့ကစပြီး နေ့စဉ်လိုက်ရှာပေမယ့် မတွေ့ရဘဲ တပတ်ခန့်အကြာမှာ ဖောင်တော်သီ ဘူတာက ရထားတစင်းပေါ်မှာ စစ်သားတွေနဲ့အတူ ပြန်တွေ့ရတယ်လို့ သူ့ဖခင် ဦးမြင့်ဝင်းက ပြောပါတယ်။ စစ်သားတွေ လက်ထဲကနေ ပြန်ရဖို့ကြိုးစားပေမယ့် မောင်သန်းထိုက်အောင်ဟာ ရထားပေါ်ကနေ ပြန်မဆင်းရဲကြောင်း ပြောလို့ သူနဲ့အတူပါလာတဲ့ စစ်သားတွေက မေးတော့ အဒေါ်ဖြစ်သူက ပျောက်နေတဲ့ တူဖြစ်သူကို ပြန်တွေ့လို့ ခေါ်တာလို့ ပြောရာမှာ စစ်သားတွေက ဗိုလ်ကြီးဖြစ်သူကို သွားပြောလို့ ပြောကြောင်း ဦးမြင့်ဝင်းက ပြောပါတယ်။

"မိဘတွေက ရှူးနေပြီလို့ သူ့အဒေါ်က ပြောတယ်။ စစ်သားတွေက ဗိုလ်ကြီးကို သွားပြောလို့ပြောတော့ ဗိုလ်ကြီးက ရမည်းသင်းကို လိုက်ခဲ့ဆိုပြီး ပြောသွားတယ်။"

အဲဒီနေ့က သားကို ပြန်ရလိုဇောနဲ့ အရဲစွန့်ပြောခဲ့ပေမယ့် စစ်သားတွေ လက်ထဲ ရောက်နေတဲ့သားရော သူတို့ပါ စစ်သားတွေကို ကြောက်နေရတယ်လို့ဦးမြင့်ဝင်းက ပြောပါတယ်။

"ကလေးက ကြောက်နေတော့ အဖေနဲ့ အကိုခေါ်တာ မလိုက်ရဲဘူး။ အဒေါ် ခေါ်တာလည်းမရဘူး။ ဆင်းချင်ပေမယ့် စစ်သားတွေကို ကြောက်လို့ မဆင်းရဲတာ။ ကျနော်တို့ကလည်း ကြောက်တော့ ရဲရဲတင်းတင်း မပြောရဲဘူး။ စစ်သားတွေက ကလေးနဲ့အတူ မီးရထားတွဲထဲမှာအများကြီး။"

လက်ရှိ ၇ တန်းပညာ သင်ယူနေတဲ့ မောင်သန်းထိုက်အောင်ဟာ ထူးချွန်စားမေးပွဲဖြေဆိုဖို့ရှိနေတာကြောင့် ကျောင်းအုပ်ဆရာမကြီးက စိတ်မကောင်းဖြစ်နေရတယ်လို့ ဦးမြင့်ဝင်းက ပြောပါတယ်။ နှလုံးရောဂါသည် မိခင် ဒေါ်မွှေးမှာ သားစိတ်နဲ့လဲနေပြီး ဆေးရုံတင်ထားရတယ်လို့ ဦးမြင့်ဝင်းက ပြောပါတယ်။

"မနေ့က ခေါ်လို့တောင် မရဘူး။ ကျနော်တို့သားလေးကို ပြန်ပို့ပေးပါလို့တောင်းပန်ပါတယ်။ သားလေးကို ပညာတတ်ဖြစ်အောင် ထားမယ်လို့ အားခဲထားတာ ခုလိုဖြစ်သွားတော့ ကူညီနိုင်ရင် ကူညီပေးကြပါလို့တောင်းပန်ပါတယ်။"

ဦးဝင်းမြင့်ဟာ သူ့သားကို ခေါ်သွားတဲ့တပ်က ဗိုလ်ကြီးရဲ့ ပြောဆိုချက်အရ ရမည်းသင်းတပ်ကို လိုက်ဖို့ လမ်းပြကြယ်အဖွဲ့က ရှေ့နေဦးအေးမြင့်နဲ့တိုင်ပင်နေပါတယ်။ ပဲခူးတိုင်းမှာ ကလေးစစ်သား အဓမ္မ စုဆောင်းခံရသူ အရေအတွက်ဟာ မေလကနေ အောက်တိုဘာလအတွင်း ၁၀၈ ဦး ရှိသွားပြီလို့ ဦးအေးမြင့်က ပြောပါတယ်။ စစ်သားတွေဟာ ပဲခူးတိုင်းက အသက်မပြည့်သေးတဲ့ကလေးတွေကို အဓိကထားပြီး ကလေးစစ်သား စုဆောင်းရေး လုပ်နေတာနဲ့ပတ်သက်ပြီး

"ပဲခူးတိုင်းက ရန်ကုန်၊ မော်လမြိုင်၊ မန္တလေး လမ်းဆုံမြို့ဆိုတော့ စစ်သားတွေအဖို့ အတင်းအဓမ္မ စုဆောင်းရလွယ်တဲ့မြို့ဖြစ်နေတယ်။ ဘူတာနဲ့နီးရင် ပိုပြီးဆွဲရလွယ်တယ်"လို့ လမ်းပြကြယ်အဖွဲ့က ဦးအေးမြင့်ကပြောပါတယ်။ ပဂိုင်ကျေးရွာက မောင်သန်းထိုက်အောင် အပါအဝင် အရွယ်မရောက် သေးတဲ့ကလေးတွေ ဒီလိုစစ်တပ်က အဓမ္မဆွဲခေါ်နေတဲ့ကိစ္စကိုရန်ကုန် ILO ရုံးနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေကို တိုင်ကြားဖို့ပြင်ဆင်နေတယ်လို့ ဦးအေးမြင့်က ပြောပါတယ်။


ဒို့တိုင်းပြည်
THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 439 July 7, 2009
the longest war in burma
...1962 JULY 7 ...to ....2009....
MY BURMA 09

# ကန့်သတ်မိန့် ၈ ချက်ကို ဒေါ်အောင်ဆန်းစုကြည်အား အသိပေးခွင့်ဆိုင်းငံ့

**RFA၊ အောက်တိုဘာ ၂၀။** နေအိမ်အကျယ်ချုပ်အကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ထားတဲ့စည်းကမ်းချက် ၈ ချက်နဲ့ပတ်သက်လို့ အာဏာပိုင်တွေက အောက်တိုဘာလဒုတိယပတ်ထဲမှာ ရှေ့နေဦးဉာဏ်ဝင်းကို နှုတ်နဲ့ရှင်းပြခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်ရှင်းပြနိုင်တယ်လို့ အစပိုင်းမှာ ခွင့်ပြုခဲ့ပါတယ်။

ဒါပေမယ့် အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို မရှင်းပြနဲ့ဦးလို့ ပြီးခဲ့တဲ့သောကြာနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့မတွေ့ဆုံခင်မှာ အာဏာပိုင်တွေက သူ့ကိုလာရောက်တားမြစ်ခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းက RFA ကို ပြောပါတယ်။

"ကျနော်တို့ အဲဒီ ၈ ချက်နဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဆီကို ကျနော်တို့ မရှင်းလင်းတဲ့အချက် စာရေးပြီးတော့ ဖော်ပြမေးမြန်းတယ်။ ကျနော်တို့အယူအဆတွေကိုပြောတယ်။ အဲဒီလိုတင်ပါတယ်။ အဲဒီလိုတင်ခဲ့တဲ့အခါမှာ ကျနော့ဆီကိုလွန်ခဲ့တဲ့နှစ်ပတ်လောက်က သက်ဆိုင်ရာအာဏာပိုင်က ကျနော့ကိုခေါ်တွေ့ပါတယ်။ ခေါ်တွေ့ပြီးတော့ ကျနော်တို့တင်တဲ့စာအပေါ်မှာ နှုတ်နဲ့ဖြေကြားချက် ကျနော်တို့ကိုတချက်ချင်းအလိုက် ပါးစပ်နဲ့ဒီလိုဒီလိုဆိုပြီး ရှင်းတယ်။

ကျနော့ဆီကိုရှင်းတယ်။ အဲဒီတော့ ကျနော်ကပြောတယ် ဒီဥစ္စာက ဒေါ်အောင်ဆန်းစုကြည်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်ပြန်ပြီးတော့ရှင်းပြရမယ်လို့ ကျနော်ဒီလိုသူတို့ကိုပြောခဲ့ပါတယ်။ အဲဒီတော့ သောကြာနေ့တွေ့ခွင့်ပြုတဲ့နေရာမှာ ကျနော့ကိုအယူခံပြင်ဆင်မှုကိစ္စဘဲ ဆောင်ရွက်ပါ။ အခုနပြောတဲ့ ၈ ချက်ကိစ္စအတွက်တော့ သူတို့ခွင့်မပြုသေးဘူးတဲ့။"

ဒေါ်အောင်ဆန်းစုကြည်အပေါ်ကန့်သတ်ထားတဲ့ အချက် ၈ ချက်ထဲမှာ အာဏာပိုင်တွေရဲ့ခွင့်ပြုချက်နဲ့ ပြည်ပဧည့်သည်နဲ့တွေ့ဆုံခွင့်၊ မိမိနေအိမ်မှာလွတ်လပ်စွာနေထိုင်ခွင့်၊ ခြံဝင်းအတွင်းလွတ်လပ်စွာသွားလာခွင့်၊ ဆရာဝန် သူနာပြုပြသခွင့်၊ မြန်မာ့အသံ၊ မြဝတီရုပ်မြင်သံကြား ကြည့်ရှုခွင့်၊ ပြည်တွင်းထုတ် တရားဝင်စာအုပ်စာစောင်ဖတ်ရှုခွင့်၊ လုပ်ဆောင်စရာရှိတဲ့ကိစ္စတွေအတွက် သက်ဆိုင်ရာအာဏာပိုင်တွေဆီမှာ ခွင့်ပြုမိန့်တောင်းပြီး လုပ်ဆောင်ခွင့် စတဲ့အချက်တွေပါဝင်ကြောင်း သိရပါတယ်။

အဲဒီအချက် ၈ ချက်နဲ့ပတ်သက်လို့ အာဏာပိုင်တွေက ရှေ့နေဦးဉာဏ်ဝင်းကို ဘယ်လိုအကြောင်းပြန်ခဲ့သလဲဆိုတာကို အခုအချိန်မှာ ထုတ်ပြောဘို့မဖြစ်နိုင်သေးကြောင်း ရှေ့နေဦးဉာဏ်ဝင်းကငြင်းဆိုပါတယ်။ ဒီအတောအတွင်း NLD ရဲ့ခရိုင်အဆင့် မြို့နယ်စည်းအဖွဲ့ဝင်တွေ တောင်းဆိုထားတဲ့ နိုင်ငံလုံးဆိုင်ရာ NLD ပါတီညီလာခံ ခေါ်ယူရေးကိစ္စနဲ့ပတ်သက်လို့ NLD ဗဟိုအလုပ်အမှုဆောင်တွေအကြား မနေ့ကဆွေးနွေးခဲ့တာကို အောက်ခြေ NLD အဖွဲ့တွေဆီ ဖြန့်ချိရမယ့်စာကိုတော့ ပြင်ဆင်ရေးသားနေဆဲဖြစ်ပြီး ပါတီဝင်တွေကို အကြောင်းကြားသွားမယ်လို့ ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

"နိုင်ငံလုံးဆိုင်ရာခေါ်ဖို့နဲ့ပတ်သက်ရင် ကျနော်တို့ CEC က ဒီဟာဘာလုပ်သင့်တယ်ဆိုတာကို သူတို့စဉ်းစားတယ်။ အဲဒီတော့ ဒီဘာလုပ်သင့်သလဲဆိုတဲ့ဟာတွေကို သူတို့သက်ဆိုင်ရာပြည်နယ်၊ တိုင်းတွေကို သူတို့အကြောင်းကြားသွားမယ်။"

NLD ပါတီမြို့နယ်အဆင့် ခေါင်းဆောင်တချို့ကတော့ လတ်တလောနိုင်ငံရေး အရေးကြီးနေချိန်မှာ ပါတီဗဟိုအနေနဲ့ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ ခေါ်ယူပေးဖို့ ပြီးခဲ့တဲ့အပ

တ်တုန်းက စာရေးသားတောင်းဆိုခဲ့ကြောင်း သိရပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စ တင်၍ အပတ်စဉ် ထုတ်ဝေသည်

**To**

AIR MAIL

PRINTED MATTER